# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို လက်ခံတွေ့ဆုံ

## ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

**ယနေ့ ဖတ်စရာ**


**သတိထားရမည့် မျောက်ကျောက်ရောဂါ** ဆောင်းပါး စာ - ၁၀

**ကမ္ဘာလုံးဆိုင်ရာ ဆေးဝါးအတုနှင့် ကျန်းမာရေးပြဿနာ** ဆောင်းပါး စာ - ၁၆

**ဆည်တာတမံအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုများ အလေးထားဆောင်ရွက်လျက်ရှိ** ဆောင်းပါး စာ - ၂၀

# အကျိုးရလဒ် အမြန်ဆုံးဖြစ်ထွန်းစေမည့် စိုက်/မွေး ကုန်ချောထုတ်လုပ်တင်ပို့ရေး

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုသည် ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ပွားခဲ့ပြီးနောက် အကြီးမားဆုံး အပြင်းထန်ဆုံးဖြစ်သည်ဟု ဆိုကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ အစိုးရများ ဘဏ္ဍာရေးအကျပ်ဆိုက်ခဲ့ကြပြီး ငွေကြေးဈေးကွက် ချည့်နဲ့သွားခဲ့သလို ကုန်သွယ်ရေးကဏ္ဍလေးလံနှေးကွေးသွားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုများ တုံ့ဆိုင်းသွားခဲ့ပြီး ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများမှ လူသန်းပေါင်းများစွာ အလုပ်အကိုင်များကို စွန့်လွှတ်ခဲ့ကြရသည်။

ကမ္ဘာလုံးချီသည့် ကပ်ရောဂါကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အကျိုးဆက်များကို မိမိတို့နိုင်ငံသည်လည်း အများနည်းတူ ထိခိုက်ခံစားခဲ့ရာတွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများစွာ ရပ်နားသွားခြင်း၊ ခရီးသွားလုပ်ငန်းအားလုံး ရပ်နားသွားခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ တုံ့ဆိုင်းသွားခြင်း၊ ပြည်တွင်းစားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားခြင်း စသည်တို့အပါအဝင် ထိခိုက်မှုပမာဏ ကြီးမားလှသည်။ မိမိတို့နိုင်ငံအတွက် ပို၍ဆိုးစေသည်မှာ နိုင်ငံရေးအပြောင်းအလဲများအပေါ် ဆန့်ကျင်မှုများမှ ထွက်ပေါ်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် မငြိမ်မသက်မှုများကပါ ဘူးလေးရာ ဖရုံဆင့်သည့်နှယ် စီးပွားရေးကဏ္ဍကို တိုက်ရိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ ယခုအခါ မြန်မာနိုင်ငံအတွင်း ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ကောင်းစွာထိန်းချုပ်ထားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများမှာလည်း လျော့နည်းလာပြီဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်တည်ဆောက်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရတော့မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမြန်အကျိုးရလဒ်ဖြစ်စေမည့် (Quick Win) လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေး၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ကုန်ချောဆောင်ရွက်သည့် စက်ရုံ၊ အလုပ်ရုံများ အဆင့်မြှင့်တင်ရေး၊ SME တွင် အကျုံးဝင်မည့် စက်ရုံများတည်ထောင်ရေးကို ထောက်ပံ့အားပေးမှုအား ဒုတိယဦးစားပေးနှင့် ကျန်သည့် စက်ရုံ၊ အလုပ်ရုံများ၊ သီးခြားလိုအပ်သည့် လုပ်ငန်းများအတွက် ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁၈)လပြည့် မိန့်ခွန်းတွင် ပြောကြားခဲ့ရာ ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ ကုန်ချောတင်ပို့နိုင်ရေးအတွက် ဦးတည်ထားခြင်းဖြစ်သည်။

စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း၊ ကြက်၊ ဝက်၊ငါး/ပုစွန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပြည်ပဈေးကွက်အတွက် ကုန်ချောထုတ်လုပ်ရာတွင် လယ်တောမှသည် စက်ရုံအထိ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထုတ်လုပ်မှုများဖြင့် အရည်အသွေးကောင်းမွန်ရေး၊ အစားအစာဘေးကင်းလုံခြုံရေး၊ ထုပ်ပိုးပုံခေတ်မီလှပဆွဲဆောင်မှုရှိရေးတို့အတွက် လိုအပ်ချက်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးသွားရမည်ဖြစ်သည့်အပြင် ဈေးကွက်သစ်များဆီသို့ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ တောင်သူများ သုံးဦးသုံးဖလှယ် ညီညွတ်စွာဆောင်ရွက်သွားရမည်ဖြစ်သည်။ အခက်အခဲ အကျပ်အတည်းကြားမှ ရုန်းထွက်နိုင်ရေးသည် သာမန်အားထုတ်ရုံမျှဖြင့်မဟုတ်ဘဲ တစ်စုတစ်စည်းတည်းသော အားမာန်ဖြင့် တညီတညွတ်တည်း အားကုန်ထုတ်ရုန်းထွက်နိုင်မှသာ လွတ်မြောက်နိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည်ဟုဆိုရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် လိုအပ်သော ရေ၊ မြေအရင်းအမြစ်များနှင့် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် လူသားအရင်းအမြစ်များလည်း ပိုင်ဆိုင်ထားခြင်းဖြစ်ရာ ၎င်းအရင်းအမြစ်များကို အထိရောက်ဆုံး၊ အကျိုးအဖြစ်ထွန်းဆုံးရရှိအောင် အသုံးပြုနိုင်ခြင်းဖြင့် ကမ္ဘာတွင် စားနပ်ရိက္ခာ ကုန်ချောထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ရှိ အောင်မင်္ဂလာ မဟာဝိဟာရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်ရှိ ဒေးဒရဲ ဓမ္မဝါဒီကျောင်းတိုက်၊ မော်ဘီမြို့နယ် ကံကလေးကျေးရွာရှိ ဓမ္မရင်အေးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဘုံကျော်မဟာစည် သာသနာ့ရိပ်သာနှင့် နဲ့ကြိုးကျောင်း ပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ဂန္ဓာရီ ပရဟိတကျောင်းနှင့် အေးစေတီ ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ မဟာသန္တိသုခ ဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၊ စဥ့်ကိုင်မြို့ရှိ အောင်ဆုပန် တပ်ဦးဘုန်းတော်ကြီးကျောင်းနှင့် စဥ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာရှိ အင်းကုန်းသာသနမာမက ဘုန်းတော်ကြီး ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ အခြေခံပညာကျောင်းများသို့ နယ်လှည့်စာကြည့်တိုက် အသိပညာပေးကွင်းဆင်း

**အုတ်တွင်း ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးငယ်များအား အသိပညာ ဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အ.မ.က(မူလွန်) သောင်းတိုင်ကုန်းနှင့် အ.မ.က (မူလွန်) သစ်တောကျောင်းများသို့ ယနေ့ နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက ကလေးငယ်များအား စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးခိုင်က စားသုံးရန်မသင့်သော အစားအစာများနှင့် စာသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးများ ကိုယ်ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးစေရေး၊ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်စေရေး၊ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးမှုများ ရရှိစေရေး ရည်ရွယ်ကာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ပြီး ကလေးငယ်များအား ရုပ်ပုံစာအုပ်၊ စက္ကူပြဇာတ်၊ ဘုတ်ပြားပြဇာတ်များဖြင့် ပုံပြင်ပြောပြခြင်းများဆောင်ရွက်ကာ ကလေးငယ်များကို စာဖတ်သည့်အလေ့အထများရရှိစေရန် စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်း၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး ရေနုတ်မြောင်းတူးဖော်၊ ပေါင်းမြက်ရှင်းလင်း

**မော်လမြိုင်ကျွန်း ဩဂုတ် ၃**

မိုးရာသီ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်သောအားဖြင့် မော်လမြိုင်ကျွန်း မြို့ပေါ်ရပ်ကွက်များ၌ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် နေအိမ်နှင့် ကျောင်းပတ်ဝန်းကျင် ပေါင်းမြက်ရှင်းလင်းခြင်း လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ရပ်ကွက်အမှတ် (၁၁)နှင့် ရပ်ကွက်အမှတ် (၁၂) တို့တွင် ဒေသခံပြည်သူများ စည်ပင်သာယာရေးလုပ်သားများနှင့် အဖွဲ့အစည်းပေါင်းစုံတို့ ပါဝင်ပြီး ဩဂုတ်၂ရက်က စုပေါင်းဆောင်ရွက်ကြရာ အမှတ် (၁၁) ရပ်ကွက် အောင်သပြေရေနုတ်မြောင်းမကြီးမှ ရာဇူတိုင်မြစ်ထဲသို့ ရေစီးဆင်းနိုင်ရေးနှင့် နေအိမ်ပတ်ဝန်းကျင် ပေါင်းမြက်ရှင်းလင်းရေး ဆောင်ရွက်သည်။**(အောက်ပုံ)**

ထို့နောက် မော်လမြိုင်ကျွန်းမြို့ (၂)ရပ်ကွက်၊ (၁၀)ရပ်ကွက်နှင့် (၁၃)ရပ်ကွက်တို့ရှိ ရေနုတ်မြောင်းများအား တူးဖော်ခြင်းနှင့် နေအိမ်ပတ်ဝန်းကျင် ပေါင်းမြက်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အနောက်တုံးလှဲချောင်းမြစ်ထဲသို့ ရေစီးဆင်းနိုင်ရေး ဆောင်ရွက်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးကြိုတင် ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် ကျောင်းနှင့် နေအိမ်ပတ်ဝန်းကျင် ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ဆောင်ရွက်ပြီး ပေပေါင်း ၃၀၀၀ ကျော် ရေနုတ်မြောင်းတူးဖော်ပြီးစီးခဲ့သဖြင့် ရာဇူတိုင်မြစ်ရေနှင့် အနောက်တုံးလှဲချောင်း မြစ်ရေများ ရေနုတ်မြောင်းများမှ တစ်ဆင့် ရပ်ကွက်များသို့ ရောက်ရှိနေသဖြင့် ရေဝင်ရေထွက် ကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

**ဝဇ္ဇ**



## သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အစုပေါ် အမြတ်ငွေများ ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ Mini Budget၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နှင့် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ အထိ Mini Budget တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အသင်းဝင်အသင်း ၅၆ သင်း၏ အစုပေါင်း ၁၅၀ အတွက် တစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အစုပေါ်အမြတ်ငွေကျပ် ၇၅ သိန်း ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အမှုဆောင်များ၏ သား/သမီးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်၍ စိန်ရတုအခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရေး၊ ရုရှား-မြန်မာ နှစ်နိုင်ငံသည် မိတ်ဆွေရင်း ညီအစ်ကိုနိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာကောင်စစ်ဝန်ရုံး နှစ်ခု ထပ်မံဖွင့်လှစ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေ၊ အမြဲတမ်းမိတ်ဆွေနိုင်ငံ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အချုပ်အခြာ အာဏာပိုင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပစွက်ဖက်မှုများမပါဘဲ မိမိတို့အစိုးရများက စီမံဆောင်ရွက်နိုင်သည့် အခြေအနေ၊ ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်၊ စစ်ဘက် ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေး အခြေအနေများ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ❑ ရုရှား- မြန်မာ နှစ်နိုင်ငံသည် မိတ်ဆွေရင်း ညီအစ်ကိုနိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာကောင်စစ်ဝန်ရုံး နှစ်ခု ထပ်မံဖွင့်လှစ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေ၊ အမြဲတမ်းမိတ်ဆွေနိုင်ငံ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

### ရင်းရင်းနှီးနှီး ဆွေးနွေး

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မစတင်မီကတည်းက အာဏာရပါတီအနေဖြင့် အသာစီးရရှိစေရေး နည်းပညာပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာတို့တွင် ကြိုတင်အခြေအနေ ဖန်တီးခဲ့သည့် ကိစ္စရပ်များ၊ ရွေးကောက်ပွဲအပြီး မဲမသမာမှုများစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်မှ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေ၊ ရွေးကောက်ပွဲ မဲမသမာမှုနှင့်ပတ်သက်၍ ဥပဒေအရ ဖြေရှင်းရန်ဆောင်ရွက်ပေးခဲ့သော်လည်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ အကြမ်းဖက်လုပ်ရပ်မှ တစ်ဆင့် မိုင်းထောင်ဖောက်ခွဲ၊ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လာသူများအား တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခဲ့မှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုများ ရရှိချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲပြန်လည် ကျင်းပဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အပြန်အလှန် ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရ ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ပိုမိုမြှင့်တင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လာရောက်တွေ့ဆုံသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဩဂုတ် ၃

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရေး စီမံဆောင်ရွက်နေမှုများကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၉) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

### ငွေသားဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က အကောင်းဆုံးဂိုးသမားဆုရ သန်းရွှေဌေး (ကရင်ပြည်နယ်အသင်း)ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက အကောင်းဆုံးနောက်တန်း ကစားသမားဆုရ ရဲထက်နိုင် (မန္တလေးတိုင်းဒေသကြီးအသင်း) နှင့် အကောင်းဆုံး အလယ်တန်း ကစားသမားဆုရ ကောင်းထက်ပိုင် (မွန်ပြည်နယ်အသင်း) တို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ စီးရဖိုး (ကရင်ပြည်နယ်အသင်း) နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရ ထွန်းထွန်းနိုင် (ကချင်ပြည်နယ်အသင်း) တို့ကို လည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ငွေသားဆုကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

### ပါဝင်ယှဉ်ပြိုင်ကစား

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်းမှ အားကစားသမား စုစုပေါင်း ၃၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးယွန်းကြီးအင်းအတွင်းသို့ ငါးသားပေါက်အကောင်ရေနှစ်သိန်း စိုက်ထည့်

**ပဲခူး ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအုပ်စု အတွင်းရှိ မိုးယွန်းကြီးအင်း သဘာဝရေပြင်အတွင်းသို့ ဩဂုတ် ၂ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေ ဝင်းနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြ သူများက ငါးဖယ်အင်း အကောင်ရေ ၁၅၀၀၀၀၊ ငါးပြေမအကောင်ရေ ၅၀၀၀၀၊ စုစုပေါင်း ငါးသားပေါက်အကောင်ရေ နှစ်သိန်းအား မိုးယွန်းကြီးအင်း သဘာဝရေပြင်အတွင်းသို့ စိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသဇီဝမျိုးစုံမျိုးကွဲ ပြတိုက်အား ကြည့်ရှုလေ့လာခဲ့ရာ မိုးယွန်းကြီးအင်းတာဝန်ခံအရာရှိက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**



# မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပ

## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံသို့အလုပ်သဘောခရီးစဉ်အဖြစ် လာရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။



မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ အလုပ်သဘောခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ယုံကြည်နားလည်မှုများကို အခြေခံလျက် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က ဦးဆောင်ကျင်းပရာ နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။




မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ အစီအစဉ် (၂၀၂၂-၂၀၂၄) ကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှား နိုင်ငံခြားရေး ဝန်ကြီး H.E. Mr. Sergey Lavrov တို့ လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

**အစဉ်တစိုက် ပံ့ပိုးကူညီ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းချာ နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံအနေဖြင့် မြန်မာအရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ကိုဗစ်-၁၉ ကာကွယ်ဆေး လှူဒါန်းခဲ့မှုများနှင့် ယခုခရီးစဉ်အတွင်း မျောက်ကျောက်ရောဂါစစ်ဆေးသည့် Test Kits လှူဒါန်းမှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဆွေးနွေးပွဲ၌ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နှစ်ဖက်အစိုးရအဖွဲ့အစည်းများ၊ တပ်မတော်များနှင့် ပြည်သူများအကြား ဆက်ဆံရေး တိုးမြှင့်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ၊ အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် ကုလသမဂ္ဂတို့တွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြပြီး သက်ဆိုင်ရာနိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**လက်မှတ်ရေးထိုးလဲလှယ်**

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် (၂၀၂၂-၂၀၂၄)ကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ အစီအစဉ်သည် မြန်မာနှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ် တစ်ရပ်ဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

**နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ပို့ဆောင်နှုတ်ဆက်**

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# လားရှိုးမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် ပြည်မြို့နယ်တို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/ ၂၀၂၂) ကျင်းပ

## IDP နှင့် ယာယီတိုက်ပွဲရှောင်များကို မူလနေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်လို

နေပြည်တော် ဩဂုတ် ၃

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့် ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက အမျိုးသားအဆင့် ကော်မတီအနေဖြင့် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအဆင့် လုပ်ငန်းကော်မတီ ၅ ရပ်အပြင် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ်တွင် ကူညီလှူဒါန်းငွေများဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် ယာယီတိုက်ပွဲရှောင်များ ပြန်လည်နေရာချထားရေးအတွက် နေအိမ် ၈၈ လုံး ဆောက်လုပ်ပြီး ၂၅ လုံး ပြုပြင်ပေးခဲ့ပါကြောင်း၊ မြစ်ကြီးနား၊ မိုးမောက်၊ မန်စီ၊ ပူတာအိုနှင့် ချီဖွေမြို့တို့တွင် စုစုပေါင်းနေအိမ် ၅၉၅ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူဒေသရှိ စခန်းနှစ်ခု ပိတ်သိမ်းပြီး အိမ်ထောင်စု ၄၆၃ စုကို ပြန်လည်နေရာချထား ပေးနိုင်ခဲ့ကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အိမ်ထောင်စု ၈၉၁ စုအတွက် ငွေကျပ် ၄၁၈ သန်းကျော် ထောက်ပံ့၍ နေရပ်သို့ ပြန်လည်ပို့ဆောင်လျက်ရှိပြီး ထပ်မံ၍ အိမ်ထောင်စု ၅၀၀ အတွက် ငွေကျပ် ၂၃၆ သန်းကျော် ထောက်ပံ့ပြီး ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားရှိကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် လက္ကာကျေးရွာမှ အိမ်ထောင်စု ၃၂၃ စု၊ မင်းပြားမြို့နယ် ဖားပြို (ရခိုင်) ကျေးရွာမှ အိမ်ထောင်စု ၈၂ စု၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး စခန်းမှ အိမ်ထောင်စု ၃၆၈ စုတို့ကို နေအိမ်များ ပြန်လည်တည်ဆောက်/ ပြုပြင်၍ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာအဝင်လမ်း ပြုပြင်ခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရှမ်းပြည်နယ် နမ္မတူမြို့နယ် ပင်လုံနှင့် ချောင်းဆာကျေးရွာအုပ်စုတို့မှ မီးလောင်ပျက်စီးသော နေအိမ် ၁၂၇ လုံးအတွက် သတ်မှတ် နှုန်းထားများအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး မန်တုံမြို့နယ် မြို့မရပ်ကွက်ရှိ စခန်းနှစ်ခုအတွက် တန်ဖိုးနည်းနေအိမ် ၅၇ လုံး တည်ဆောက်ရန် မြေနေရာများ ဖော်ထုတ်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေ ရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ ၁ နှစ်နှင့် ၃ လတာ ကာလအတွင်း အိမ်ထောင်စု ၈၈၆၂ စု၊ လူဦးရေ ၄၀၉၀၃ ဦးတို့ကို မူလနေရာများသို့ ပြန်လည် ပို့ဆောင်နေရာချထား ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် IDP နှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများ ဆောင်ရွက်နိုင်ရေးအတွက် စခန်းအလိုက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

လာမည့် ပွင့်လင်းရာသီတွင် IDP နှင့် ယာယီတိုက်ပွဲရှောင်များကို မူလ နေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များကို လုပ်ငန်းကော်မတီအသီးသီးနှင့် ပါဝင်ကြသည့် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ပြည်တွင်း နေရပ်စွန့်ခွာသူများအား မူလနေရပ်ဒေသများသို့ ပြန်လည် ပို့ဆောင်နေရာချထားနိုင်ရန်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ အမျိုးသားအဆင့် မဟာဗျူဟာများ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို စနစ်တကျ စီမံခန့်ခွဲ အသုံးပြုရန်၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့် ကော်မတီများအားလုံး အချိတ်အဆက် မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေ လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က နေရပ် စွန့်ခွာသူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှု အခြေအနေ၊ IDP Camp များနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် အချက်အလက် ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှု အခြေအနေ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လတ်တလော ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ နေရပ်စွန့်ခွာသူများနှင့် ဘေးသင့်ပြည်သူများအတွက် လတ်တလော လိုအပ်သည်များကို ထောက်ပံ့ကူညီပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုက အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် (၁/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ ငြိမ်းချမ်းရေး ကိုယ်စားလှယ်ဖွဲ့သည် နေပြည်တော်ရှိ Horizon Lake View Resort သို့ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **“ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ”**စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တက္ကသိုလ်အားလုံးတွင် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရမည်

## ထပ်မံခန့်အပ်မည့် နည်းပြ၊ သရုပ်ပြအသစ်များအတွက် တစ်လသင်တန်းများကို စက်တင်ဘာလတွင် ဖွင့်လှစ်မည်

**နေပြည်တော် ဩဂုတ် ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် ၁၃ ပညာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သုတေသန စက်ပစ္စည်းများကို အတော်အသင့် ဖြည့်ဆည်းပေးပြီးဖြစ်သဖြင့် တက္ကသိုလ်အားလုံးတွင် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဌာနကြီးများအနေဖြင့် အနည်းဆုံး သုတေသနသုံးခု မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ဆောင်မည့်သုတေသန စာရင်းကို ခန့်မှန်းသုတေသနအသုံးစရိတ်နှင့်အတူ ဦးစီးဌာနသို့ ဩဂုတ်လကုန် နောက်ဆုံးထား၍ စာရင်းပေးပို့ကြစေလိုကြောင်း၊ ဒုတိယပါမောက္ခချုပ်များအတွက် စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေး သင်တန်းများကို ဩဂုတ်လကုန်တွင် လည်းကောင်း၊ အသစ်ခန့်အပ်ထားသော နည်းပြ၊ သရုပ်ပြများနှင့် ထပ်မံခန့်အပ်မည့် နည်းပြ၊ သရုပ်ပြအသစ်များအတွက် သင်ပြနည်းနှင့် စွမ်းရည်မြှင့် တစ်လသင်တန်းများကို စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း။



တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းများအတွက် ကျောင်းဆောင် လိုအပ်ချက် တင်ပြတောင်းခံရာတွင် ဆောက်လုပ်ရန်မြေနေရာကို Master Plan နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ တင်ပြကြရန်နှင့် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသော အင်ဂျင်နီယာအဖွဲ့နှင့် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ အင်ဂျင်နီယာများပူးပေါင်း၍ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေး ပြည့်မီရန်အတွက် လာရောက် စစ်ဆေးကြည့်ရှုရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိတို့၏ ဒေသ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့် အခက်အခဲပင်ရှိပါစေ ရှေ့သို့ ဆက်လက် လျှောက်လှမ်းနိုင်ရန်အတွက် စည်းရုံးရေးဖြင့် ပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကိန်းဂဏန်းအချက်အလက်၊ စာရင်းဇယားများ မှန်ကန်ရေး၊ မှတ်တမ်းဓာတ်ပုံများ ထိန်းသိမ်းထားရှိရေး၊ အားကစားပွဲများ ကျင်းပရေး၊ တက္ကသိုလ်များဆိုင်ရာ ပညာရေးပြက္ခဒိန်နှင့်အညီ အကောင်အထည်ဖော်ရေး၊ Grade 12 နှင့် ချိတ်ဆက်၍ တက္ကသိုလ် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ရေးဆွဲရေး၊ နိုင်ငံတကာနှင့် ပြည်တွင်းသုတေသန ဂျာနယ်များတွင် သုတေသနစာတမ်းများ ပါဝင်ရေးသားရေး၊ Naypyitaw State Academy ဖွင့်လှစ်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ရာထူးတိုးပြောင်း ကိစ္စရပ်များ စနစ်တကျ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရေး၊ မွမ်းမံသင်တန်းများ ပို့ချရေး၊ ဖြည့်စွက်အာဟာရ ကျွေးမွေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါပိုး ပြန်လည်တွေ့ရှိလာရသည့်အတွက် ပေါ့ဆ၍မရဘဲ

## ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန်လို

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် အစိုးရအဖွဲ့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ဓာတ်ပုံ)





အစည်းအဝေးတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့်စတုတ္ထလှိုင်းတို့တွင် သေဆုံးသူ ၇၀၀ ခန့်ထိရှိခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ ရောဂါပိုး ပြန်လည်တွေ့ရှိလာရသည့်အတွက် ပေါ့ဆ၍မရဘဲ ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများကို တိတိကျကျ လိုက်နာ ဆောင်ရွက်ကြရန် လိုကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးဖြစ်သော်လည်း ကူးစက်နိုင်ခြေရှိနေသေးကာ လက်ရှိတွင် ပြည်နယ်အတွင်း ရောဂါပိုးတွေ့ရှိ၍ ဆေးဝါးကုသမှုခံယူနေသူ ၁၃ ဦးရှိပြီး မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပိုးတွေ့မှု သတ္တမနေရာတွင် ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်ပြီး အရှိန်အဟုန်မြှင့် ဆက်လက် ထိုးနှံပေးရန်လိုပြီး ကာကွယ်ဆေးများ အလုံအလောက်ရှိသည့်အတွက် ပြီးပြတ်အောင် ထိုးနှံပေးကြရန် လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် နိုင်ငံအတွင်း ဝင်ရောက်ကြမည့် ခရီးသွားများအား စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌများက မိမိတို့၏ ခရိုင်/မြို့နယ်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံ အလုပ်ရုံများ၊ ဟိုတယ်များ၊ ကျောင်းသားကျောင်းသူများ၊ သာသနာရေးဆိုင်ရာကျောင်းများ၊ သာသနာ့ဝန်ထမ်းများ စသည်ဖြင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား အမြန်ဆုံးပြီးပြတ်အောင် ထိုးနှံပေးရန်နှင့် ကိုဗစ်-၁၉ အတွက် အမြဲအသင့်ရှိနေရန် လိုပြီး နေရာထိုင်ခင်း၊ ဆေးဝါး၊ အောက်ဆီဂျင် စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လိုအပ်သည်များ အဆင်သင့်ဖြစ်နေရန် ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

● *ကျောဖုံးမှ*

မြန်မာအသင်းသည် ဗိုလ်လုပွဲရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် တတိယနေရာ ရရန်သာ ကြိုးပမ်းရတော့မည်ဖြစ်သည်။ ထိုင်းအသင်းသည် အုပ်စုပွဲများတွင် ကမ္ဘောဒီးယားကို လေးဂိုးပြတ်၊ စင်ကာပူကို ခြောက်ဂိုးပြတ်၊ အင်ဒိုနီးရှားကို သုံးဂိုးပြတ်တို့ဖြင့် အနိုင်ရကာ ဗီယက်နမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းသည် ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနှင့် ထိုင်းပွဲမှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေသဖြင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ကစားရာ ဩစတြေးလျအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် မလေးရှားကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဩစတြေးလျကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သဖြင့် အုပ်စုဒုတိယနေရာရရှိခဲ့သည်။

ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်ကို လေးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ကာ တတိယလုပွဲသာ ကစားရခြင်းဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# ပြည်သူများအတွက် အိမ်ထောင်စုတစ်ခုလျှင် ဆန်တစ်အိတ်နှုန်း ရောင်းချပေး

**ရန်ကုန် ဩဂုတ် ၃**

ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးအနည်းငယ်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဦးဆောင်၍ စားသုံးသူပြည်သူများအတွက် အိမ်ထောင်စုတစ်ခုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ယနေ့နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်း ဆိပ်ကမ်းဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆန်ရောင်းချပေးရာတွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ရေဝတီပေါ်ဆန်းကို ငွေကျပ် ၅၅၀၀၀၊ ကြားပျံဆန်ကို ငွေကျပ် ၆၀၀၀၀၊ ရက် ၉၀ ဆန်ကို ငွေကျပ် ၃၇၀၀၀ ဖြင့် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျောက်မီးသွေးလုပ်ငန်းရှင်များ၊ တာဝန်ခံများတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းစည်းဝေး

မုံရွာ ဩဂုတ် ၃

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျောက်မီးသွေးလုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် တွေ့ဆုံ၍ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်စွာဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ တက်ရောက်ကြသည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ မော်လိုက်မြို့နယ်နှင့် ကလေးဝမြို့နယ်တို့တွင် ကျောက်မီးသွေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ယခုတွေ့ဆုံပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သတ်မှတ်ကာလအရ ထုတ်လုပ်ရမည့် လျာထားချက် ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ပြီး ကျောက်မီးသွေးများ သယ်ယူနိုင်ရေးအတွက် ပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်စွာဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနများ အလိုက် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများက မိမိတို့လုပ်ငန်းများတွင် ကျောက်မီးသွေးထုတ်လုပ်နေမှု၊ သယ်ယူရေး ဆောင်ရွက်နေမှုနှင့် သက်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သယ်ယူမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက လုပ်ငန်းများနှင့် ပတ်သက်၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# "ငါးသယံဇာတထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ လယ်ယာ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသော ဦးစီးဌာနများ အကြား မတူညီသော လုပ်ငန်း သဘောသဘာဝများကို အပြန်အလှန် နာလည်စေပြီး အချိတ် အဆက်မိမိ ပူးပေါင်းဆောင်ရွက် နိုင်ကြစေရန် လစဉ်ပထမပတ် ဗုဒ္ဓဟူးနေ့များ ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော်ရုံး အမှတ်(၁၅)ရှိ ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ငါးသယံဇာတ ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ကျင်းပသည်။ **(ဓါတ်ပုံ)**



အခမ်းအနားသို့ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြား ရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကား ပြောကြား သည်။

ထို့နောက် ငါးသယံဇာတ ထိန်းသိမ်းရေးစကားဝိုင်းဆွေးနွေး ပွဲကို ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးဇော် က အစီအစဉ်မှူးအဖြစ် တာဝန်ယူ ၍ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင် က ရေလုပ်သားများမှ ငါးသယံဇာတ မပျက်စီးအောင် လိုက်နာရန် ဌာနမှ ဆောင်ရွက် ထားရှိမှု လုပ်ငန်းများကို လည်း ကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမိုး က မွေးမြူရေးကဏ္ဍမှ ရေချိုငါးသယံဇာတ အရင်းအမြစ် များ ထိန်းသိမ်းစောင့်ရှောက်နေမှု ကို လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး က Vessel Monitoring System–VMS စနစ်ဖြင့် တရားမဝင် ငါးဖမ်း ဆီးမှုများကို တားဆီးကာကွယ်၍ ငါးသယံဇာတများ ထိန်းသိမ်း ကာကွယ် ဆောင်ရွက်နေမှုကို လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းကိုကို က လက်ရှိမြန်မာနိုင်ငံ၏ ငါးမျိုးရင်း မျိုးစိတ်များ ထိန်းသိမ်းထားရှိမှု ကိုလည်းကောင်း၊ မွေးမြူရေးနှင့် သုတေသနဦးစီးဌာနမှ ဦးစီး အရာရှိ ဦးသိန်းဦးက မွေးမြူရေး သုတေသနဦးစီးဌာန၏ အသား ကဏ္ဍနှင့် ငါးကဏ္ဍ တိုးတက်ရေး အတွက် ဆောင်ရွက်မှုကို လည်း ကောင်း ဆွေးနွေးကြရာ အခမ်း အနား တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဩဂုတ် ၁၃ ရက် စမည်

နေပြည်တော် ဩဂုတ် ၃

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကျင်းပပြုလုပ်နိုင်ရန် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အသင်းအုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း/စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်ဝန်ကြီးဌာနအသင်းများမှ အုပ်ချုပ်သူ/နည်းပြများက ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။ အဆိုပါပြိုင်ပွဲကို အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်မှ စက်တင်ဘာ၂ ရက်အထိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားလေ့ကျင့်ကွင်း (၁) နှင့်(၃) တို့၌ နေ့စဉ်မွန်းလွဲ ၃ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ **အားကာမောင်**

# နန့်မွန်းမြို့၌ ချောင်းရေများလျှံတက်လာပြီး မြို့ပေါ်ရပ်ကွက်များအတွင်း ရေများဝင်၍ ကားလမ်းအချို့နေရာများတွင် ရေကျော်ဖုံးလွှမ်းလျက်ရှိ

**မိုးညှင်း ဩဂုတ် ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ယနေ့ နံနက် ၆ နာရီခန့်က အထက် ဘက်မှ မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် နန့်မွန်းချောင်း နှင့် နန့်သာအင်းချောင်းများမှ ရေများလျှံတက်လာပြီး နန့်မွန်း မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်း လူနေအိမ်များအတွင်း ရေများ ဝင်၍ ကားလမ်း အချို့နေရာများ တွင် ရေကျော်ဖုံးလွှမ်းလျက်ရှိ ကြောင်း သိရသည်။

အဆိုပါရေများဝင်ရောက်ခဲ့ရာ တွင် နန့်မွန်းမြို့ပေါ် ရပ်ကွက်(၁)၊ ရပ်ကွက်(၂) နှင့် ရပ်ကွက်(၃)ရှိ အနိမ့်ပိုင်းအတွင်း လူနေအိမ် များထဲသို့ ရေအနက် နှစ်ပေ ကျော် သုံးပေခန့် ရေများဝင်ပြီး ဟိုပင် – နန့်မွန်း – ညောင်ပင်သွား ကားလမ်း အချို့နေရာတွင် ရေအနက် တစ်ပေကျော် နှစ်ပေ ခန့်နှင့် နန့်မွန်း – အုန်းစံဆိုင်– ဘီလူးသွား ကားလမ်းအချို့နေရာ တွင် ရေအနက် ရှစ်လက်မခန့် ရေများ ဖုံးလွှမ်းလျက်ရှိရာ နံနက် ၁၁ နာရီခန့်တွင် အဆိုပါရေများ တဖြည်းဖြည်း ကျဆင်းလျက်ရှိ ကြောင်း နန့်မွန်းမြို့ အုပ်ချုပ် ရေးမှူးထံမှ သိရ သည်။

ထို့အတူ နန့်မွန်းကျေးရွာ အုပ်စုနှင့် ဟဲပုကျေးရွာအုပ်စု အတွင်းရှိ ချောင်းရေများ လျှံတက် လာမှုကြောင့် မိုးစပါးစိုက်ဧရိယာ များအတွင်း ရေများဝင်ရောက် ဖုံးလွှမ်းမှုကို သက်ဆိုင်ရာကျေးရွာ အုပ်စုများမှ လယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့များက ထိုခိုက်ပျက်စီးမှုများ ရှိမရှိ ကွင်းဆင်းစစ်ဆေး၍ စာရင်း များ ပြုစုဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် နန်းဩ ကျေးရွာနေ အောင်ထွန်းလေးသည် ၎င်းအသုံးပြုသည့် “Aung Htun Lay” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ်ကွက်နေ သန်းဇော်ဝင်းသည် ၎င်းအသုံးပြုသည့် “Than Zaw Win” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော(၁)ရပ်ကွက်နေ သက်ဝေထွန်းသည် ၎င်းအသုံးပြုသည့် “Thet Wai Htun” Facebook အကောင့်၊ မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျွန်းခင်းကြီးကျေးရွာ နေ အေးမြင့်ကြည်သည် ၎င်းအသုံးပြုသည့် “Aye Myint Kyi” Facebook အကောင့်၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မရပ်ကွက်နေ ဟန်သော်စစ်သည် ၎င်းအသုံးပြုသည့် “Han Thaw Sit” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက်နေ သီတာသည် ၎င်းအသုံးပြုသည့် “Ma Thidar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ် မော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မော်ဇာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးကို အကြမ်းဖက်တိုက်ခိုက်

**နေပြည်တော် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မော်ဇာရွာမ ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မော်ဇာ၌ လုံခြုံရေးတာဝန် ထမ်းဆောင်လျက် ရှိသော တပ်ဖွဲ့ဝင်တစ်ဦးကို ယနေ့နံနက် ၉ နာရီ ခန့်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မော်ဇာရွာမကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မော်ဇာတွင် တက်ရောက် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် မော်ဇာရွာမကျေးရွာနေ အောင်မြင့်မြတ် (၁၄)နှစ် (ဘ)ဦးသန်းရွှေက အရိုး သုံးလက်မခန့်၊ အသွား ရှစ်လက်မခန့်၊ အနံ ၁ ဒသမ ၅ လက်မခန့်ရှိစကေဘာ ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို နောက်ကျောမှ နေ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အနက် သုံးလက်မ ခန့် ထိုးသွင်းဒဏ်ရာရရှိခဲ့သည်။ ကျန်လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်တိုက်ခိုက်သူအား ဖမ်းဆီးစဉ် ခုခံထွက်ပြေးသွားသဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ ကျောင်း၏ အနောက်ဘက် မီတာ ၁၀၀ခန့်အကွာ၌ ဒဏ်ရာနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်တွင် ဒဏ်ရာရ လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် အကြမ်းဖက်သူတို့ကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်သူအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် အမှားအမှန် ခွဲခြားသိမြင်နိုင်မှုနည်းပါးသေးသည့် အသက်ငယ်ရွယ်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စည်းရုံးမက်လုံးပေးသိမ်းသွင်းခြင်းများ ပြုလုပ်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို စေခိုင်းလျက်ရှိကြောင်း၊ အုပ်ထိန်းသူ မိဘ၊ ဆရာများကလည်း မိမိရင်သွေးငယ်များ လမ်းမှားပေါ် မရောက်ရှိစေရေး ဝိုင်းဝန်းတားဆီးဆောင်ရွက်ရန်လိုကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး။

လုံခြုံရေး တပ်ဖွဲ့ဝင်အား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အောင်မြင့်မြတ်နှင့် ၎င်း တိုက်ခိုက် အသုံးပြုခဲ့သည့် စကေဘာ။





◆ *ကျော့ဖုံးမှ*

မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြု ပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် တုံးမဝကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲမှ အထွေထွေဝန်ထမ်း ဦးဗဒူ (၅၀)နှစ်သည် အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ရီးမဝ ကျေးရွာမှ ကျောင်းသူ၊ ကျောင်းသား ခုနစ်ဦးတို့ကို ၎င်းမောင်းနှင်သည့် စက်လှေဖြင့် တင်ဆောင်၍ ရီးမဝကျေးရွာသို့ လိုက်ပါပို့ဆောင်ရန်အတွက် ကုလားတန်မြစ်ကြောင်းအတိုင်း ပြန်လည်မောင်းနှင် လာစဉ် ရီးမဝကျေးရွာသို့ မရောက်မီ နှစ်ဖာလုံခန့် အကွာအရောက်၌ ကုလားတန်မြစ်၏ ညာဘက် မြစ်ကမ်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် စက်လှေမောင်းနှင်လာသည့် ဦးဗဒူတွင် ဝဲလက်ကောက်ဝတ်နှင့် လည်ပင်းကျည်ရှပ်ထိ ဒဏ်ရာတစ်ချက်၊ မခင်သီတာ (၁၄)နှစ် ၅ တန်း (ဘ) ဦးတနလ်ာ၏ ဝဲ/ယာ ခြေထောက်နှစ်ချောင်း၌ ကျည်ထိမှန်ဒဏ်ရာများ၊ မောင်အောင်လင်းဝင်း (၁၁)နှစ် ၅ တန်း(ဘ) ဦးလင်းအောင်တွင် ကျောကျည်ရှပ်ထိ ဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့ပြီး မောင်နေမင်းထွန်း (၁၁)နှစ် ၅ တန်း(ဘ)ဦးအောင်ဖာနှင့် မောင်သန်းမြင့်(၁၁)နှစ် ၅ တန်း (ဘ) ဦးထွန်းလှအောင်တို့ နှစ်ဦးတွင် နောက်ကျောကျည်ထိမှန် ဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဦးဗဒူ(ဒဏ်ရာရ)



မခင်သီတာ(ဒဏ်ရာရ)



အောင်လင်းဝင်း(ဒဏ်ရာရ)

# သတိထားရမည့် မျောက်ကျောက်ရောဂါ

**ပေါက်ပေါက်**

**မျောက်ကျောက်ဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းတွင် ဆက်လက်ပျံ့နှံ့နေကာ လေ့လာမှုအသစ်တစ်ခုအရ ယခင်ကအာဖရိကတွင် ဖြစ်ပွားသည့် ရောဂါလက္ခဏာနှင့်မတူသည့် လက္ခဏာအသစ်များတွေ့လာရသည်ဟု သိရသည်။ ဗြိတိသျှဆေးပညာဂျာနယ် (BMJ) ၏ လေ့လာမှုအရ အချို့လူနာများသည် စအို သို့မဟုတ် စအိုဝနာခြင်းနှင့် အချို့တွင် နှစ်မျိုးလုံးခံစားရကြောင်း တွေ့ရှိခဲ့သည်။ New England Journal of Medicine ကို ကိုးကားထားသော လေ့လာမှုအရ လူနာများ၏ ၉၅ ရာခိုင်နှုန်းသည် အဓိကအားဖြင့် အနာနှင့် အကျိတ်အနာများ အပါအဝင် ခန္ဓာကိုယ်၌ အဖုအပိမ့်များပင် ပေါ်ပေါက်လာသည်ဟုဆိုသည်။ ၎င်းဝေဒနာသည်များ၏ ၉၈ ရာခိုင်နှုန်းခန့်သည် အမျိုးသားချင်း လိင်တူဆက်ဆံခြင်းနှင့် မသန့်ရှင်းသော အိပ်ရာ၊ အသုံးအဆောင်ပစ္စည်းများကြောင့်ဖြစ်ကြောင်း သိရသည်။**

မျောက်ကျောက်ရောဂါရှိသူ ၁၅ ရာခိုင်နှုန်း၌ စအိုနှင့်စအိုဝတွင် နာကျင်ခြင်းလက္ခဏာများ ပြသနေသည်ကို မထင်မှတ်ဘဲတွေ့ရှိပြီးနောက် ယခုလက္ခဏာအသစ်များကို မျောက်ကျောက်၏ လက္ခဏာများအဖြစ် ထည့်သွင်းသင့်သည်ဟု လေ့လာမှုတစ်ရပ်က ဆိုပါသည်။ ထပ်မံ၍လည်း ယခုသုံးသပ်ချက်သည် လက္ခဏာအားလုံးကို မခြုံငုံမိသဖြင့် အခြားလက္ခဏာများလည်း ရှိနိုင်သည်ဟု သိရသည်။ မျောက်ကျောက်သည် ကျောက်ရောဂါကဲ့သို့ ဗိုင်းရပ်စ်မျိုးစုဝင် ဖြစ်သည်။ အင်္ဂလန်တွင် မျောက်ကျောက်လူနာ ၂၀၅၀ နှင့် အမေရိကတွင် ၂၀၀၀ ကျော်ကို တွေ့ရှိထားပြီး အင်္ဂလန်ရှိ လန်ဒန်မြို့တွင် အဆိုးရွားဆုံးဖြစ်ကြောင်း ဇူလိုင်လစတုတ္ထပတ် အစီရင်ခံစာများတွင် တင်သွင်းရေးသားထားပါသည်။

အမေရိကန် CDC မှ ဖော်ပြချက်အရ မျောက်ကျောက်ရောဂါလက္ခဏာများတွင် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာခြင်း၊ ခန္ဓာကိုယ်တွင်းရှိ အဖုလေးများ ရောင်ရမ်းခြင်း၊ ချမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများဖြစ်သည့် လည်ချောင်းနာခြင်း၊ နှာပိတ်ခြင်းနှင့် ချောင်းဆိုးခြင်းများ ပါဝင်သည်။ မျောက်ကျောက် ရောဂါပိုးကူးစက်ပြီး ရက်သတ္တပတ် သို့မဟုတ် နှစ်ပတ်အကြာတွင် ရောဂါလက္ခဏာများ ပေါ်လေ့ရှိပြီး မျက်နှာတွင် ဝက်ခြံ သို့မဟုတ် အရည်ကြည်ဖုများကဲ့သို့ အဖုများထွက်နိုင်ကာ ဖျားနာမှုသည် ပုံမှန်အားဖြင့် ရက်သတ္တနှစ်ပတ်မှ လေးပတ်ကြား ကြာတတ်သည်ဟုလည်း CDC က ပြောကြားခဲ့သည်။

**မျောက်ကျောက်ရောဂါ**

မျောက်ကျောက်ရောဂါဆိုသည်မှာ မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုး ဖြစ်သည်။ ၁၉၅၈ ခုနှစ်က ကျောက်ရောဂါနှင့်ဆင်တူသည့် ရောဂါတစ်ခုအဖြစ် မျောက်များတွင် စတင်တွေ့ရှိခဲ့ပါသည်။ ပထမဆုံးလူသားတွင် ဖြစ်ပွားမှုကို ၁၉၇၀ ပြည့်နှစ်မှာ အာဖရိကအလယ်ပိုင်း ကွန်ဂိုနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည်။ ထို့နောက် အာဖရိကနိုင်ငံများတွင် အဆိုပါရောဂါဖြစ်ပွားမှုကို ကြိုးကြားကြိုးကြား တွေ့ရှိခဲ့ကြ သည်။ ယခုနှစ်အတွင်း အာဖရိက အလယ်ပိုင်း၊ အာဖရိကအနောက်ပိုင်းတို့တွင်သာမက ဥရောပ၊ မြောက်အမေရိကနှင့် ကမ္ဘာနေရာအနှံ့အပြားတွင် ကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။

မူရင်းတွေ့ရှိခဲ့သော မျောက်ကျောက်ရောဂါသည် ရောဂါပိုးရှိသော လူ သို့မဟုတ် တိရစ္ဆာန်


မျောက်ကျောက်ရောဂါ၏ ရောဂါလက္ခဏာများကို တွေ့ရစဉ်။

သို့မဟုတ် အရာဝတ္ထုပစ္စည်းများနှင့် အနီးကပ်ထိတွေ့ခြင်း၊ ကိုင်တွယ်ခြင်းဖြင့် ကူးစက်နိုင်ပါသည်။ ထိုကာလများ၌ လူအချင်းချင်း ကူးစက်မှုကို အနည်းငယ်သာ တွေ့ရှိရပါသည်။ သို့သော် ၂၀၂၂ ခုနှစ် မေလအတွင်း ကပ်ရောဂါအသွင် ပျံ့နှံ့လာသည့် မျောက်ကျောက်ရောဂါမှာ အမျိုးသားအချင်းချင်း လိင်တူဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ခြင်း ဖြစ်နိုင်ကြောင်းနှင့် မျောက်ကျောက်ရောဂါ၏ မျိုးဗီဇ အပြောင်းအလဲသည် မျှော်လင့်ထားသည်ထက် ၁၂ ဆ ပိုမြန်ဆန်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ မွေးကင်းစကလေးငယ်များ၊ ကလေးသူငယ်များနှင့် မူလကိုယ်ခံအား ချို့ယွင်းသူများတွင် အဆိုပါရောဂါပိုး ကူးစက်ခံရပါက ပိုမိုပြင်းထန်သောလက္ခဏာများ ဖြစ်နိုင်ခြေရှိပြီး၊ ရှားရှားပါးပါးအခြေအနေများတွင် မျောက်ကျောက်ရောဂါဖြင့် သေဆုံးနိုင်ကြောင်း သိရသည်။

ဥရောပသည် လက်ရှိတွင် ကမ္ဘာလုံးဆိုင်ရာ ရောဂါကူးစက်မှု၏ ဗဟိုချက်အဖြစ်ရှိနေပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အတည်ပြုထားသော ကူးစက်ခံရသူ၏ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ ထိုရောဂါ ကူးစက်ခံရသူ အများဆုံးဖြစ်နေသော သုံးနိုင်ငံမှာ ဗြိတိန်၊ စပိန်နှင့် ပေါ်တူဂီတို့ ဖြစ်ကြသည်။ မျောက်ကျောက်ရောဂါသည် ဗြိတိန်နိုင်ငံ၌ လူငယ်လူရွယ် အများစုအကြားတွင် ကူးစက်နေကြောင်း လန်ဒန်မြို့တော်မှ ကူးစက်ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်သူများက ဆိုပါသည်။

**တိရစ္ဆာန်များကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု အာဖရိက၌ မြင့်တက်လာ**

အာဖရိက၌ ၂၀၁၂ ခုနှစ် မှ ၂၀၂၂ ခုနှစ်အကြား တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးပြောင်းလာသော ကူးစက်ရောဂါများဖြစ်ပွားမှု ကြိမ်ရေသည် ပြီးခဲ့သော ဆယ်စုနှစ်ကထက် ၆၃ ရာခိုင်နှုန်း ပိုမြင့်မားလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ အာဖရိကတိုက်၌ တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးပြောင်းလာသော ကူးစက်ရောဂါများ ဖြစ်ပွားမှုကြိမ်ရေ မြင့်တက်လာမှုသည် အနာဂတ်ကာလ၌ ကမ္ဘာကြီးအနေဖြင့် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါ၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကဲ့သို့ ဗိုင်းရပ်စ်ကူးစက်ရောဂါများနှင့် ရင်ဆိုင်ရနိုင်ခြေ မြင့်တက်လာမှု၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း WHO မှကျွမ်းကျင်သူများက သတိပေးထားသည်။ ကူးစက်ရောဂါကြီးများအဖြစ် မပြောင်းလဲမီ တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန်၊ ကူးစက်ရောဂါများ၏ ဗဟိုချက် အာဖရိကဖြစ်လာမည့်အရေးကို တားဆီးရန် လိုအပ်နေပြီဖြစ်ကြောင်း WHO က သုံးသပ်ထားပါသည်။

**WHO ထုတ်ပြန်ချက်**

မျောက်ကျောက်ရောဂါကူးစက်မှုသည် ယခုနှစ် ဇွန်လကုန်ပိုင်းနှင့် ဇူလိုင်လဆန်းပိုင်းအကြားတွင် ၇၇ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ ဤဆောင်းပါး ရေးနေချိန် ဇူလိုင်လ စတုတ္ထပတ်အထိ နိုင်ငံနှင့် ဒေသပေါင်း ၇၅ ခုတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၆၀၀၀ ကျော်ရှိနေပြီး သေဆုံးသူငါးဦး တွေ့ရသည်။ ထို့ကြောင့် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသော အခြေအနေကိုကြည့်ပြီး “မျောက်ကျောက်ရောဂါဟာ ယခင်က ဖြစ်ပွားလေ့မရှိသော နိုင်ငံများတွေမှာပါ ရောဂါပျံ့နှံ့လာပါတယ်။ မျောက်ကျောက်ကူးစက်ရောဂါ ပြင်းထန်မှု အတိုင်းအဆနှင့် ပတ်သက်ပြီး WHO ကျွမ်းကျင်သူများ အရေးပေါ်ကော်မတီအနေဖြင့် ဘုံသဘောတူညီချက် မရယူနိုင်ခဲ့သော်လည်း ဒါဟာ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရ အရေးပေါ်အခြေအနေ (Public Health Emergency of International Concern) ဖြစ်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပါတယ်” ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ် Tedros A Ghebreyesus က ဇူလိုင် ၂၃ ရက် စနေနေ့တွင် သတင်းမီဒီယာများကို ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ၎င်းက ယခုလို နိုင်ငံတကာအတွက် စိုးရိမ်ရသော အများပြည်သူအရေးပေါ်ကျန်းမာရေး အခြေအနေကို နိုင်ငံအားလုံးက ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းဝန်းတုံ့ပြန် ဆောင်ရွက်ကြရန်အတွက် သတိပေးလိုက်ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ကုသမှုများ၊ ကာကွယ်ဆေး ဝေမျှပေးကြစေလိုကြောင်းနှင့် ရန်ပုံငွေကိုလည်း ထည့်ဝင်ပေးကြစေလိုကြောင်းတိုက်တွန်းပြောကြားခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ဗိုင်းရပ်စ်၏ သဘာဝအတိုင်း ကူးစက်မြန်ဆန်ပါသည်။ (က) Monkeypox ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံထားရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် လူအချင်းချင်း ခန္ဓာကိုယ်အရေပြားခြင်း ထိတွေ့မှု၊ (ခ) ခန္ဓာကိုယ်မှ ထွက်ရှိသောအရည် (တံတွေး၊ နှာရည်၊ သွေး၊ ချွေး၊ ဆီးနှင့် လိင်အင်္ဂါထွက်သောအရည်)၊ (ဂ) လူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှ ကူးစက်ခြင်း၊ (ဃ) ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင်အချိန်အတော်ကြာ ထိတွေ့မိခြင်းနှင့် (င) ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ်မိရာမှတစ်ဆင့် ကူးစက်ခြင်းတို့ဖြစ်ပါသည်။

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုက အထူးအရေးကြီးပါသည်။ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်တတ်သူများအတွက် မျောက်ကျောက်ရောဂါကို ကာကွယ်ရန် မခဲယဉ်းလှပေ။ (က) Monkeypox(မျောက်ကျောက်ရောဂါ) လက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ (ခ) လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျ ဆေးကြောပါ။ (ဂ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို စနစ်တကျ တပ်ဆင်ပါ။ (ဃ) တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေပါ။ (င) နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ။ (စ) အစားစိမ်းများကို ကျက်အောင်ချက်စားပါ။ (ဆ) တောရိုင်းတိရစ္ဆာန်များကို အကာအကွယ် မပါဘဲ မထိတွေ့ပါနှင့်။ (ဇ) လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်း မပြုပါနှင့်။ (ဈ) လူအများသုံး သန့်စင်ခန်း၊ တံခါးလက်ကိုင်၊ လှေကားအတက်အဆင်း လက်ရန်းများ၊ ဘတ်စ်ယာဉ်ထိုင်ခုံ စသည့် ထိတွေ့မှုများကို အထူး ဂရုစိုက်သင့်ပြီး အိမ်ပြန်ရောက်ရောက်ချင်း ရေချိုးသန့်စင်ပါ။ (ည) တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန် ဆောင်ရွက်ပါ။

မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ နိုင်ငံအများစု၌ကျန်းမာရေးဝန်ထမ်းများအား ရောဂါပိုးရှိသူနှင့် မထိတွေ့ခင် သို့မဟုတ် ထိတွေ့ပြီး နောက် ကျောက်ကြီးရောဂါကာကွယ်ဆေး (Small Pox) ကို ထိုးနှံထားကြရန် အကြံပြု တိုက်တွန်းထားပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု အပါအဝင် တိုးတက်ဖွံ့ဖြိုးပြီးသော အနောက်နိုင်ငံ တချို့၌ ကာကွယ်ဆေးကို အများပြည်သူတို့တွင်လည်း ထိုးနှံနေကြကြောင်း လေ့လာသိရပါသည်။

*စာမျက်နှာ ၁၁ သို့*

**● အာဖရိကတိုက်၌ တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးပြောင်းလာသော ကူးစက်ရောဂါများ ဖြစ်ပွားမှုကြိမ်ရေ မြင့်တက်လာမှုသည် အနာဂတ်ကာလ၌ ကမ္ဘာကြီးအနေဖြင့် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါ၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကဲ့သို့ ဗိုင်းရပ်စ်ကူးစက်ရောဂါများနှင့် ရင်ဆိုင်ရနိုင်ခြေ မြင့်တက်လာမှု၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း WHO မှ ကျွမ်းကျင်သူများက သတိပေးထားသည်**

# စစ်တုရင်အားကစားနည်းမှ မျိုးဆက်သစ် လူငယ်ရှက်ပုန်းသီး အားကစားသမားများပေါ်ထွက်လာစေရေး ဆောင်ရွက်လျက်ရှိ

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားငါးခရိုင် အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲကို ယမန်နေ့က တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မျိုးဆက်သစ် လူငယ်ရှက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြို့နယ်အတွင်း နေထိုင်သောလူငယ်များ စစ်တုရင်အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာပြီး မိမိတို့ ပတ်ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် ကစားရာမှ တိုင်းဒေသကြီးကိုယ်စားပြု စစ်တုရင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ စစ်တုရင်ကစားနည်းသည် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဖြတ်ထိုးဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်မှုတို့ကို ပေါင်းစပ်ပြီး ယှဉ်ပြိုင်ရသည့် အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ တခြားအားကစားနည်းများ ယှဉ်ပြိုင်ကြရာမှာ ကိုယ်ခန္ဓာ၏ လှုပ်ရှားနိုင်စွမ်း လျင်မြန်ဖျတ်လတ်မှု(ကာယ)ကို အသုံးချ၍ ယှဉ်ပြိုင်ကစားကြရပြီး စစ်တုရင်အားကစားနည်းမှာ မိမိတို့၏ ဦးနှောက်ပိုင်းဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်စွမ်း ဉာဏ်ရည်(ဉာဏ)ကို အသုံးချပြီး ယှဉ်ပြိုင်ကစားကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဉာဏ်ရည် ဉာဏ်သွေးများကို အခြေခံပြီး လုံ့လဝီရိယနှင့် မပြတ်တမ်းအားထုတ်မှု၊ သင်ယူမှု၊ ဆင်ခြင်သိတတ်မှုများကို ပေါင်းစပ်ပြီး စစ်တုရင်အားကစားနည်းကို ပိုမိုလေ့လာသင်ယူရင်း ယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ပြိုင်ပွဲတွင် အကဲဖြတ်ပေးကြမည့် ဒိုင်လူကြီးများ အနေဖြင့် သတ်မှတ်ထားသော ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဥပဒေဘောင်အတွင်းမှ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် အားကစားသမားများကလည်း ဒိုင်လူကြီးများ၏ အဆုံးအဖြတ်ကို ကျေကျေနပ်နပ် လက်ခံလိုက်နာစေလိုကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။



ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုံးရွှေ့ကွက်ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ စစ်တုရင်ပြိုင်ပွဲ ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ဩဂုတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# မိုးနဲမြို့နယ်ရှိ ဟွေပေါးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီး

**မိုးနဲ ဩဂုတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟွေပေါး ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် တင်ဒါအောင် တည်ဆောက်ရေး ကုမ္ပဏီက ကျေးလက်ကုန်ထုတ်လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာလမ်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၁၈ သန်းဖြင့် လမ်း အရှည် ပေ ၆ ဒသမ ၅ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေ၊ ထုကိုးလက်မ ကျောက်ချောလမ်းအမျိုးအစား ကျေးလက် ကုန်ထုတ်လမ်းကို တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုလက်ရှိတွင် ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော် ဆောင်ရွက်မှု ပြီးစီးသွားပြီဖြစ်ရာ ကျေးလက်ကုန်ထုတ်လမ်းကို ဒေသခံတောင်သူများ ရေရှည်အသုံးပြုနိုင်ရေး၊ လုပ်ငန်းအရည်အသွေးပြည့်မီစေရေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



**ဖောက်လုပ်ပြီးစီး**

မိုးနဲမြို့နယ် ဟွေပေါးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၆ အိမ်မှ လူဦးရေ ၁၆၀ အတွက် ရာသီမရွေး အဆင်ပြေစွာသွားလာ စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း၊ သီးနှံစိုက်ခင်းများမှထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့အချိန်ကုန်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးများ ခံစားရရှိပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ပင်းတယမြို့၌ နေရပ်စွန့်ခွာသူများအားကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပင်းတယ ဩဂုတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဇောတိကာရုံကျောင်းတိုက်၌ ကယားပြည်နယ်မှ နေရပ်စွန့်ခွာလာသူပြည်သူ ၁၃၇ ဦးကို ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လာရောက်လှူဒါန်းသည့် စားနပ်ရိက္ခာများကို ယမန်နေ့က ကွင်းဆင်းထောက်ပံ့ပေးအပ်သည်။

အဆိုပါ စားနပ်ရိက္ခာ ကူညီထောက်ပံ့ပေးအပ်မှုတွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာ့ကြက်ခြေနီအသင်း(ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲရေးဌာန)မှ တာဝန်ရှိသူများက လာရောက်ပို့ဆောင်ကူညီ ထောက်ပံ့ပေးခြင်းဖြစ်သည်။

ပင်းတယမြို့ ဇောတိကာရုံကျောင်းတိုက်ရှိ ကယားပြည်နယ်မှ နေရပ်စွန့်ခွာလာရောက်ခိုလှုံနေထိုင်သူ အိမ်ထောင်စု ၃၄ စု၊ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၇၀ စုစုပေါင်း လူဦးရေ ၁၃၇ ဦးအတွက် တစ်လစာ ထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ဆေး၊ ဆား အပြင် အာဟာရဖြည့်စွက်စာ စားနပ်ရိက္ခာပစ္စည်းများကို မြန်မာ့ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက မြို့နယ် ကြက်ခြေနီအသင်းထံမှတစ်ဆင့် နေရပ်စွန့်ခွာပြည်သူများအား ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

**ကြိုတင်ပြင်ဆင်မှုများ**

ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်စောင့်ကြည့်နေကာ နိုင်ငံအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းမှာ အားရဖွယ် ဖြစ်ပါသည်။ Monkeypox နှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေးခြင်း၊ လေကြောင်းများနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် နိုင်ငံတွင်းသို့ဝင်ရောက်လာသူများ ဖြည့်စွက်ရမည့် ကျန်းမာရေးမှတ်တမ်းကတ် (Health Declaration Card) တွင် မျောက်ကျောက်ရောဂါနှင့် ပတ်သက်သော အချက်အလက်များ ဖြည့်စွက်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်တော်ပြန်များနှင့် နိုင်ငံခြားသားခရီးသွားများ လေဆိပ်သို့ ရောက်ရှိချိန်တွင် ကိုဗစ်-၁၉ ရောဂါအတွက် RDT စစ်ဆေးချိန်၌ မျောက်ကျောက်ရောဂါ လက္ခဏာများ စစ်ဆေးခြင်းကိုပါ ကျန်းမာရေးဝန်ထမ်းများက တစ်ပြိုင်တည်းပြုလုပ်ဆောင်ရွက်နေပါသည်။

နိဂုံးချုပ်အားဖြင့် သတိပေးလိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရ အရေးပေါ်အခြေအနေအဖြစ် WHO က ကြေညာထားသော မျောက်ကျောက်ရောဂါကို ယခုအခါ မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ထိုင်း၊ အိန္ဒိယ၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ကူးစက်နေကြပြီ ဖြစ်သည်။ ထူးခြားချက်အနေဖြင့် အနီးကပ်ဆုံး ထိုင်းနိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုကို ခရီးသွားနိုင်ဂျီးရီးယားနိုင်ငံသားတစ်ယောက်တွင် တွေ့ရကာ ထိုသူ့သည်သည် ဆေးကုမခံဘဲ ပျောက်နေကြောင်း ထိုင်းကျန်းမာရေး ဝန်ကြီးဌာနက ဇူလိုင် ၂၂ ရက်က သတင်းထုတ်ပြန်ထားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံတွင် ဇူလိုင်လနောက်ဆုံးပတ်က ယင်းနိုင်ငံသားတစ်ဦးတွင်လည်း မျောက်ကျောက်ဗိုင်းရပ်တွေ့ရှိရကြောင်း သိရသည်။

ဤဆောင်းပါးရေးသားချိန်အထိ မြန်မာနိုင်ငံအတွင်း Monkeypox ဖြစ်ပေါ်မှု မတွေ့ရသေးသော်လည်း ပြည်တော်ပြန်များအနေနှင့်သော်လည်းကောင်း၊ အကယ်၍ မြန်မာပြည်အတွင်း ယင်းရောဂါ ပေါ်ပေါက်လာသောအချိန်တွင် လည်းကောင်း မျောက်ကျောက်ရောဂါ လူနာနှင့် အနီးကပ် ထိတွေ့ခဲ့ခြင်း သို့မဟုတ် ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့၍ ကုသမှုခံယူကြပါရန် သတိပေးလိုက်ရပါသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၃

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့် အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာ သင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေး ကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင် ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ် ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည် ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည် ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၃၅ | ၁၇၈၀ | ၁၇၇၅ | ၁၇၄၅ | ၁၇၈၀ | ၁၈၀၅ | ၁၇၉၀ | ၁၇၆၅ | ၁၈၆၀ | ၁၈၇၅ | ၁၇၇၅ | ၁၇၈၀ | ၁၈၁၅ | ၁၈၁၅ | ၁၈၂၀ | ၂၀၄၀ | ၂၆၈၀ |
| 95 Ron | ၁၈၀၀ | ၁၈၄၅ | ၁၈၄၅ | ၁၈၀၅ | ၁၈၄၅ | ၁၈၆၅ | ၁၈၅၀ | ၁၈၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၈၃၅ | ၁၈၅၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၈၀ | ၂၁၀၀ | ၂၇၄၀ |
| HSD (500 ppm) | ၁၉၉၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၀၀ | ၃၀၃၅ |
| HSD (50 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၂၀၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၃၀၆၅ |
| HSD (10 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၂၀၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၃၀၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၄၄ | ၁၇၁၁ |
| 95 Ron | ၁၇၀၅ | ၁၇၇၃ |
| HSD (500 ppm) | ၁၈၉၈ | ၁၉၆၅ |
| HSD (50 ppm) | ၁၉၅၃ | ၂၀၂၁ |
| HSD (10 ppm) | ၁၉၅၃ | ၂၀၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမည့် အရေးပေါ်သတိပေးချက်ထုတ်ပြန်



ဂျပန်နိုင်ငံ ယာမာဂါတာခရိုင်တွင် ရေကြီးရေလျှံဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

တိုကျို ဩဂုတ် ၃

**ဂျပန်နိုင်ငံ ယာမာဂါတာခရိုင် တောင်ပိုင်းရှိ မြူနီစီပယ်ဒေသ ခြောက်ခုတွင် မိုးသည်းထန်စွာရွာသွန်းမည့် အရေးပေါ်သတိပေးချက်တစ်ရပ်ကို မိုးလေဝသအရာရှိများက ထုတ်ပြန်ခဲ့သည်။**

အဆင့်ငါး သတိပေးချက်သည် ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ် သတိပေးချက်အဆင့်တွင် အမြင့်ဆုံးဖြစ်သည်။

အရေးပေါ် သတိပေးချက်ထုတ်ပြန်ထားသည့် ဒေသများတွင် မမျှော်မှန်းနိုင်သော မိုးရေချိန်ပမာဏကို ကြုံတွေ့ရမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီမှ ကူရိုရာ ရူတာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် သဘာဝဘေး အန္တရာယ်များသည် အထူးသဖြင့် တောင်ပြို၊ ရေလွှမ်းမိုးသည့် ဒေသများတွင် ဖြစ်ပွားနိုင်ကြောင်း ၎င်းက ပြောသည်။ အကယ်၍ သဘာဝဘေးသင့်ဒေသများတွင် နေထိုင်သူများသည် သတ်မှတ်နေရာများသို့ မပြောင်းရွှေ့နိုင်ပါက ချောက်ကမ်းပါးလိုမျိုးအန္တရာယ်ရှိသည့်နေရာများကို ရှောင်ရှားကာ ကုန်းမြင့်ပိုင်းတွင် နေထိုင်ရန် ၎င်းက တိုက်တွန်းထားသည်။

မြူနီစီပယ်အရာရှိများက ဒေသခံများကို သဘာဝဘေးကယ်ဆယ်ရေးစခန်းများသို့ ချက်ချင်းသွားရောက်နေထိုင်ရန်လည်း သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ၉၀ ထက်မနည်းသေဆုံး၊ ရှစ်ဦးပျောက်ဆုံးနေ

**တီဟီရန် ဩဂုတ် ၃**

အီရန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၉၀ ထက်မနည်း သေဆုံးကာ ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဩဂုတ် ၃ ရက်တွင် အီရန်လခြမ်းနီအသင်း (အိုင်အာရ်စီအက်စ်)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အိုင်အာရ်စီအက်စ်၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း အိုင်အာရ်စီအက်စ် အကြီးအကဲဖြစ်သူ ပီဟော့ဆိန်က ဒေသတွင်းမီဒီယာသို့ ပြောသည်။ အီရန်နိုင်ငံ၌ လွန်ခဲ့သည့် သီတင်းနှစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၂၄ ခု ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**


အီရန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေသားအကူအညီ ကန်ဒေါ်လာ သန်း ၄၀ အာဖဂန်နိုင်ငံ လက်ခံရရှိ

**ကဘူးလ် ဩဂုတ် ၃**

အာဖဂန်နစ္စတန်နိုင်ငံသည် ဩဂုတ် ၂ ရက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေသားအကူအညီအဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀ လက်ခံရရှိကြောင်း နိုင်ငံတော်ဗဟိုဘဏ်က ပြောသည်။

အဆိုပါဘဏ်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေသားအကူအညီအတွက် နိုင်ငံတကာအသိုင်းအဝိုင်းကို ကျေးဇူးတင်ကြောင်းနှင့် အခြားသောနယ်ပယ်ကဏ္ဍများတွင်လည်း အာဖဂန်ပြည်သူများနှင့်အတူ အပြန်အလှန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး တောင်းဆိုခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ဇူလိုင် ၃၁ ရက်ကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေသားအကူအညီ အမေရိကန်ဒေါ်လာ သန်း ၄၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ထိုကဲ့သို့ ထောက်ပံ့လှူဒါန်းငွေများကြောင့် နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ သန်း ၉၀၀ နီးပါး ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၂၀ ကျော် ရောက်ရှိ



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အမျိုးသမီးတစ်ဦး ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

**ဆိုးလ် ဩဂုတ် ၃**

ရက်ပေါင်း ၁၁၀ အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အမြင့်ဆုံးပမာဏအထိ စံချိန်တင်ခဲ့သည်။ ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၂၀ ကျော် ရောက်ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၃ ရက်က ထုတ်ပြန်သော တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

ဩဂုတ် ၂ ရက် သန်းခေါင်ယံအချိန်အထိ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၉၉၂၂ ဦးအထိ ရှိလာခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီ(ကေဒီစီအေ)က ပြောသည်။

ဧပြီလလယ်မှစကာ ရက်ပေါင်း ၁၁၀ အတွင်း တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် လတ်တလော၌ ကိုဗစ်-၁၉ မျိုးကွဲသစ် ကူးစက်ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က ပျမ်းမျှနေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏသည် ၈၆၅၂၀ အထိ ရှိခဲ့သည်။

မကြာသေးမီက ကိုဗစ်-၁၉ မျိုးကွဲကူးစက်ဖြစ်ပွားမှု မြင့်တက်လာချိန်အတွင်း အသက်ကြီးပိုင်းများ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ထပ်မံသေဆုံးသူ ၂၆ ဦး ရှိလာခဲ့မှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်း ၂၅၁၁၀ ရှိလာပြီဖြစ်သည်။

လက်ရှိအစိုးရသည် အဆောက်အအုံများအတွင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် သတ်မှတ်ချက်မှလွဲပြီး ဧပြီ ၁၈ ရက်ကတည်းက ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များကို ဖယ်ရှားပေးခဲ့သည်။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ၌ ဇူလိုင်လသည် နှစ်ပေါင်း ၆၀ ကျော်အတွင်း အခြောက်သွေ့ဆုံးလအဖြစ် မှတ်တမ်းဝင်

**ပါရီ ဩဂုတ် ၃**

အပူလှိုင်းဖြတ်မှုသည် ယခုသီတင်းပတ်တွင် ပြင်သစ်နိုင်ငံ နေရာအများစုတွင် ဆက်လက်ဖြစ်ပွားလျက်ရှိကာ ဇူလိုင်လသည် နှစ်ပေါင်း ၆၀ ကျော်အတွင်း အခြောက်သွေ့ဆုံးလဖြစ်ကြောင်း ဩဂုတ် ၂ ရက်တွင် ပြင်သစ်နေ့စဉ်သတင်းစာဖြစ်သည့် လီဖီဂါရိုတွင် ဖော်ပြထားသည်။

အဆိုပါ ပြင်သစ်နေ့စဉ်သတင်းစာ၏ အဆိုအရ တောင်ဘက် မြေထဲပင်လယ်ဒေသတွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်ကို ကျော်လွန်ဖွယ် ရှိသည့်အတွက် ဩဂုတ် ၃ ရက်သည် ရက်သတ္တပတ်အတွင်း အပူချိန်အမြင့်ဆုံးနေ့ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံမြောက်ပိုင်းသို့ ပျံ့နှံ့သွားဖွယ်ရှိကြောင်း သိရသည်။ ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းရှိ ဌာနငါးခုတွင် အပူချိန်လွန်ကဲမှု သတိပေးချက် ထုတ်ပြန်ထားသည်။ ထို့ပြင် နိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်မှုကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး မိုးခေါင်ရေရှားမှုသတိပေးချက်လည်း ထုတ်ပြန်ထားကြောင်း သိရသည်။



ပြင်သစ်နိုင်ငံသည် ဇူလိုင်လတွင် မိုးရေချိန် စုစုပေါင်း ၉ ဒသမ ၇ မီလီမီတာသာရှိသည့်အတွက် ၁၉၅၉ ခုနှစ် နောက်ပိုင်းအခြောက်သွေ့ဆုံး ဇူလိုင်လအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံး စတုတ္ထလအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နိစ်နှင့် မာဆေးမြို့တို့အပါအဝင် မြို့နယ်အချို့၌ ဇူလိုင်လတစ်လလုံး မိုးတစ်စက်မျှမကျကြောင်း သိရသည်။ ရုံဖန်ရံခါ မိုးရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းကျရောက်မှုမှလွဲ၍ ဩဂုတ်လတွင်လည်း ပူပြင်းခြောက်သွေ့ဖွယ်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အာရှဒေသမှာ မျောက်ကျောက်ရောဂါကြောင့် ပထမဆုံးသေဆုံးမှုဖြစ်လာတဲ့ အိန္ဒိယ

ကျော်ထက်

**မျောက်ကျောက်ရောဂါဆိုတာ မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတဲ့ ရောဂါတစ်မျိုးဖြစ်ပြီး တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်စေနိုင်တဲ့ တိရစ္ဆာန်ဗိုင်းရပ်စ်တစ်မျိုးဖြစ်သလို လူအချင်းချင်းကိုလည်း ကူးစက်ပြန့်ပွားစေတယ်လို့ ဆိုပါတယ်။ နေ့စဉ်နဲ့အမျှ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေ၊ သေဆုံးမှုတွေကို နည်းနည်းတစ်ဖုံ များများတစ်လှည့် အလူးအလဲခံနေရတဲ့ အိန္ဒိယနိုင်ငံမှာ ရေကြီးရေလျှံမှုကြောင့်လည်း သေဆုံးမှုတွေရှိသလို မျောက်ကျောက်ရောဂါကြောင့်လည်း သေဆုံးမှုရှိလာပြီ ဖြစ်ပါတယ်။**

### အမေရိကန်နိုင်ငံက မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု အများဆုံးဖြစ်

မေ ၄ ရက်ကနေ ဩဂုတ် ၂ ရက်အထိ နိုင်ငံနဲ့ ဒေသပေါင်း ၈၂ ခုမှာ မျောက်ကျောက်ရောဂါ အတည်ပြု ကူးစက်ခံရသူပေါင်း ၂၅၅၃၈ ဦးအထိ ရှိလာပြီလို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ အဲဒီထဲမှာ မျောက်ကျောက်ရောဂါကူးစက်ခံရတဲ့ အများဆုံးနိုင်ငံတွေအဖြစ် အမေရိကန်နိုင်ငံက ၆၃၂၆ ဦးနဲ့ အများဆုံးဖြစ်ပြီး အဲဒီနောက်မှာ စပိန်နိုင်ငံက ၄၇၄၈ ဦး၊ ဂျာမနီနိုင်ငံက ၂၇၈၁ ဦး၊ ဗြိတိန်နိုင်ငံက ၂၆၇၂ ဦး၊ ပြင်သစ်နိုင်ငံက ၂၁၇၁ ဦး၊ ဘရာဇီးနိုင်ငံက ၁၄၇၆ ဦးနဲ့ နယ်သာလန်နိုင်ငံက ၉၂၅ ဦးနဲ့ အများဆုံးဖြစ်ပါတယ်။ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကြောင့် သေဆုံးမှုဖြစ်တဲ့ နိုင်ငံအနေနဲ့ နိုင်ဂျီးရီးယားမှာ သုံးဦး၊ ဗဟိုအာဖရိကမှာ နှစ်ဦး၊ စပိန်မှာ နှစ်ဦး၊ ဘရာဇီးမှာ တစ်ဦး၊ ဂါနာမှာ တစ်ဦး၊ အိန္ဒိယမှာ တစ်ဦး၊ ပီရူးမှာ တစ်ဦး ပေါင်း ၁၁ ဦး ရှိတယ်လို့ ဆိုပါတယ်။

### အာဖရိကပြင်ပ ပထမဆုံးမျောက်ကျောက်ရောဂါ ကူးစက်ခံရမှု ဗြိတိန်၌ တွေ့ရှိ

အာဖရိကပြင်ပမှာ ပထမဆုံးမျောက်ကျောက်ရောဂါကူးစက်ခံရမှု တွေ့ရှိတဲ့နိုင်ငံက ဗြိတိန်နိုင်ငံဖြစ်ပြီး မေလ ၆ ရက်မှာ စတင်တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက လူအများစုဟာ မျောက်ကျောက်ရောဂါ ကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြတယ်လို့ ဆိုပါတယ်။ ဥရောပဒေသဟာ လက်ရှိမှာ ကမ္ဘာလုံးဆိုင်ရာ မျောက်ကျောက် ရောဂါ ကူးစက်မှု၏ဗဟိုချက်အဖြစ်ရှိနေပြီး ၂၀၂၂ ခုနှစ်မှာ ကမ္ဘာတစ်ဝန်းအတည်ပြုထားတဲ့ ကူးစက်ခံရသူရဲ့ ၈၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ သိရပါတယ်။

### အိန္ဒိယနိုင်ငံမှာ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ရှစ်ဦးနဲ့ သေဆုံးသူ တစ်ဦးရှိလာ

မကြာသေးမီ သီတင်းပတ်အတွင်း စပိန်နိုင်ငံမှာ မျောက်ကျောက်ရောဂါနဲ့ ဆက်စပ်တဲ့ရောဂါကြောင့် သေဆုံးသူ နှစ်ဦးနဲ့ ဘရာဇီးနိုင်ငံမှာ သေဆုံးမှု တစ်ဦး ဖြစ်ပွားခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံမှာ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ရှစ်ဦးနဲ့ သေဆုံးသူ တစ်ဦး ရှိလာတာကြောင့် အစိုးရအနေနဲ့ ကာကွယ်ဆေး ထုတ်လုပ်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ မျောက်ကျောက်ရောဂါကြောင့် သေဆုံးမှုဟာ အာရှဒေသမှာ ပထမဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို နိုင်ငံတကာ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားတာ ဖြစ်ပါတယ်။

### သီးသန့်ခွဲခြား စောင့်ကြပ်ကြည့်ရှုလျက်ရှိ

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ဟာ မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု ငါးဦးနဲ့ အများဆုံးဖြစ်ပြီး ကျန်သုံးဦးမှာ မြို့တော်နယူးဒေလီမှ ဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ကျန်းမာရေးဝန်ထမ်း သုံးဦး၊ ဆရာဝန်တစ်ဦးနဲ့ ပုဂ္ဂလိကဆေးရုံမှ သူနာပြုနှစ်ဦး အပါအဝင် အန္တရာယ်ရှိတဲ့ထိတွေ့ဆက်ဆံသူ ၂၀ ကို ကီလာရာပြည်နယ်မှာ သီးသန့်ခွဲခြားစောင့်ကြပ်ကြည့်ရှုလျက်ရှိတယ်လို့ ဆိုပါတယ်။



အိန္ဒိယနိုင်ငံ ချန်နိုင်းလေဆိပ်၌ ကျန်းမာရေးဝန်ထမ်းများက ခရီးသွားများအား မျောက်ကျောက်ရောဂါလက္ခဏာ ရှိ မရှိ စစ်ဆေးနေစဉ်။

## အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ဟာ မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု ငါးဦးနဲ့ အများဆုံးဖြစ်ပြီး ကျန်သုံးဦးမှာ မြို့တော်နယူးဒေလီမှဖြစ်

အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးမျောက်ကျောက်ရောဂါ ကူးစက်ခံရမှုကို ဇူလိုင် ၁၄ ရက်က နိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှာ တွေ့ရှိခဲ့ရာ ပြန်လည်သက်သာလာခဲ့ပြီး နောက်ပိုင်းမှာ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နောက်ဆုံးမျောက်ကျောက်ရောဂါ ကူးစက်ခံရတဲ့ နှစ်ဦးမှာ တစ်ဦးက ကီရာလာပြည်နယ်နဲ့ နောက်တစ်ဦးမှာ မြို့တော်နယူးဒေလီက ဖြစ်တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ ကီရာလာပြည်နယ်မှာ တွေ့ရှိတဲ့ လူနာတစ်ဦးဟာ ဇူလိုင် ၂၇ ရက်က ယူအေအီးနိုင်ငံက ပြန်ရောက်လာတဲ့သူဖြစ်ပြီး ရောဂါကူးစက်မှုတွေ့ရှိပြီးနောက် မာလတ်ပူရမ်ဒေသရှိ အစိုးရဆေးရုံတစ်ရုံမှာ ဆေးကုသမှုခံယူနေတယ်လို့ ပြည်နယ်ကျန်းမာရေးဝန်ကြီး ဗီးနာဂျော့က ဆိုပါတယ်။

### ရှစ်ဦးအနက် ငါးဦးမှာ နိုင်ငံခြားခရီးသွားမှတ်တမ်းရှိ

မြို့တော်နယူးဒေလီမှာ တွေ့ရှိတဲ့ လူနာကတော့အသက်၃၁နှစ်အရွယ် နိုင်ဂျီးရီးယားအမျိုးသား ဖြစ်ပြီး နိုင်ငံခြားခရီးသွားမှတ်တမ်း မရှိဘူးလို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါအတည်ပြု ကူးစက်ခံရသူ ရှစ်ဦးရှိတဲ့အထဲ ငါးဦးမှာ နိုင်ငံခြားခရီးသွားမှတ်တမ်း ရှိတယ်လို့ သိရပါတယ်။ ကီရာလာပြည်နယ်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကာနာတာကာပြည်နယ်မှာ ကျန်းမာရေးအာဏာပိုင်တွေက မျောက်ကျောက်ရောဂါနဲ့ပတ်သက်ပြီး အမြင့်ဆုံးသတိပေးချက် ထုတ်ပြန်ထားတယ်လို့ ဆိုပါတယ်။

### ကူးစက်မှုတွေ မြင့်တက်လာတာနဲ့အမျှ သေဆုံးမှုလည်း မြင့်တက်လာနိုင်

အိန္ဒိယနိုင်ငံ၌ ပထမဆုံးမျောက်ကျောက်ရောဂါ စစ်ဆေးတွေ့ရှိပြီးနောက် ရက်သတ္တနှစ်ပတ်အကြာမှာ အိန္ဒိယဆေးသုတေသနကောင်စီ (အိုင်စီအမ်အာရ်) က မျောက်ကျောက်ကာကွယ်ဆေးထုတ်လုပ်ဖို့ ပုဂ္ဂလိက သို့မဟုတ် အစိုးရဆေးကုမ္ပဏီတွေထံ တင်ဒါအောင်ခဲ့တယ်လို့ သိရပါတယ်။ မည်သို့ပင်ဆိုစေ မျောက်ကျောက်ရောဂါနဲ့ ပတ်သက်ပြီး ကူးစက်မှုတွေ မြင့်တက်လာတာနဲ့အမျှ သေဆုံးမှုလည်း မြင့်တက်လာနိုင်တာကြောင့် သတိထားဆင်ခြင်သင့်ကြောင်း ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

### အစ္စရေးနိုင်ငံက အာရှဒေသမှာ မျောက်ကျောက်ရောဂါကူးစက်ခံရသူ အများဆုံးဖြစ်

ဇူလိုင် ၃၁ ရက်အထိ ထုတ်ပြန်ထားတဲ့ အချက်အလက်အရ အာရှဒေသမှာ မျောက်ကျောက်ရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၉၈ ဦးရှိပြီး အစ္စရေးနိုင်ငံက ကူးစက်ခံရသူ ၁၄၆ ဦးနဲ့ အများဆုံးဖြစ်တယ်လို့ သိရပါတယ်။ မျောက်ကျောက်ရောဂါကူးစက်ခံရမှုနဲ့ ပတ်သက်ပြီး အာရှဒေသကိုကြည့်ရင် စင်ကာပူနိုင်ငံမှာ ကူးစက်ခံရသူ ၁၁ ဦး၊ လက်ဘနွန်နိုင်ငံမှာ လေးဦး၊ ဆော်ဒီအာရေဗျနိုင်ငံမှာ သုံးဦး၊ ကာတာ၊ ထိုင်း၊ ဂျပန် စတဲ့နိုင်ငံတွေမှာ နှစ်ဦးစီနဲ့ ဂျော်ဂျီယာ၊ တောင်ကိုရီးယား၊ တူကီယဲသမ္မတနိုင်ငံ၊ ရုရှားနဲ့ ဖိလစ်ပိုင် စတဲ့နိုင်ငံတွေမှာ ကူးစက်ခံရသူ တစ်ဦးစီ စစ်ဆေးတွေ့ရှိထားတယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

နောက်ဆုံးထွက်ပေါ်လာတဲ့ သတင်းတွေအရ ထိုင်းနိုင်ငံမှာ တတိယမြောက် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ စစ်ဆေးတွေ့ရှိတယ်လို့ သိရပါတယ်။ အဲဒီကူးစက်ခံရသူဟာ ဇူလိုင် ၁၈ ရက်က ဖူးခက်ကို ဝင်ရောက်လာတဲ့ အသက် ၂၅ နှစ်အရွယ် ဂျာမန်နိုင်ငံသားတစ်ဦးဖြစ်တယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံမှာ လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ နှစ်ဦးကို တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဩဂုတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၂ ရာခိုင်နှုန်းရှိ

**(၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၅၃,၃၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၂၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၂၂,၃၀၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၀၈၄,၉၀၇) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၃) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၁) ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၃) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၆၄) ခု | (၉) ဦး |
| စုစုပေါင်း | (၅,၅၉၅) ခု | (၁၈) ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂-၈-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၂၂,၃၀၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၀၈၄,၉၀၇ |

- **ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။**
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၅၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၃၂၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၉၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်မှ ဒေသခံပြည်သူ ၁၃၀၁၈ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံခြင်းများ ဆောင်ရွက်သည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၇၅၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၉၆၁ ဦးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၅၆၂၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများထားရှိရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာ ဆေးဝါးအတုနှင့် ကျန်းမာရေးပြဿနာ

**အောင်ထက်လင်း (ကြိမ်ချောင်း)**

ယနေ့ခေတ်တွင် ဆေးဝါးအတုများ၏ ဈေးကွက်သည် နယ်နိမိတ်ဟူ၍ မရှိတော့ပေ။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာမှုတစ်ရပ်က တရားမဝင်ဆေးဝါးကုန်သွယ်မှုသည် ကမ္ဘာ့ဈေးကွက်၌ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး တစ်နှစ်လျှင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံမှ ၁၅၀ ဘီလီယံအထိ ရှိနိုင်ကြောင်း ဖော်ပြထားသည်။ အိန္ဒိယနှင့်တရုတ်တို့သည် အာရှတိုက်၏ ဆေးဝါးအတု ထုတ်လုပ်ရာနေရာဖြစ်နေပြီး ကမ္ဘာပေါ်ရှိ ဆေးဝါးအတုများ၏ ၇၅ ရာခိုင်နှုန်းသည် ယင်းနိုင်ငံများမှဖြစ်ကြောင်းနှင့် ထုတ်လုပ်ရာ ဇာစ်မြစ်ကို ဖုံးကွယ်နိုင်ရန်အတွက် အရှေ့အလယ်ပိုင်းရှိ ဆိပ်ကမ်းများမှတစ်ဆင့် ဖြတ်သန်းသွားနေကြောင်း ဆင်းရဲသောနိုင်ငံများနှင့် ကျန်းမာရေးဝန်ဆောင်မှု အားနည်းသောနိုင်ငံများသည် ၎င်းတို့၏ ပစ်မှတ်ဖြစ်ကြောင်း အစီရင်ခံစာအချို့က ဖော်ပြထားသည်။

### ကာလကြာမြင့်ပြီးဖြစ်

ဆေးဝါးအတုများသည် လူနာများအတွက် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာနိုင်သဖြင့် အဆိုပါကိစ္စသည် ဒေသတစ်ခုတည်းနှင့် သာမကတော့ဘဲ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်နေသည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အာဖရိက၊ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတို့တွင် ချောင်းဆိုးပျောက်ဆေးအတုကြောင့် ကလေးများအပါအဝင် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ဆေးဝါးအတုလုပ်ငန်းသည် အမြတ်အစွန်းများသော ရာဇဝတ်မှုဖြစ်သည်။ နိုင်ငံတကာ ဆေးဝါးအတုတိုက်ဖျက်ရေး သုတေသနအင်စတီကျု (IRACM) ၏ လေ့လာတွေ့ရှိချက်များအရ ဆေးဝါးအတုလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၀၀၀ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ရရှိနိုင်သည်။ ဘိန်းဖြူရောင်းဝယ်မှုတွင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ထည့်ဝင်မှုနှင့် နှိုင်းယှဉ်ပါက အမြတ်ငွေမှာ ၂၅ ဆပိုများကြောင်း ဆိုထားသည်။ ဆေးဝါးအတုလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်နေသည်မှာ ကာလကြာမြင့်ပြီးဖြစ်သည်။

### တရားမဝင်ဆေးဝါးများလည်း ရှိနေ

ဆေးဝါးမှတ်ပုံတင်ရရှိထားသော ဆေးဝါးများနှင့် Brand Name ဆင်တူသော တရားမဝင်ဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချနေမှုကို တွေ့ရှိနေရသဖြင့် အဆိုပါ တရားမဝင်ဆေးဝါးများကို အများပြည်သူများ သိရှိသတိပြုရန်နှင့် သုံးစွဲခြင်းမှ ရှောင်ကြဉ်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က ခါတ်ပုံများဖြင့် အသိပေးထုတ်ပြန်မှုများ ပြုလုပ်နေကြသည်။ မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် ဆေးဝါးအများစုမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများမှ ထုတ်လုပ်သည့် ဆေးဝါးများ ဖြစ်သည်။ ဆေးဝါးကုမ္ပဏီများမှ တစ်ဆင့် တရားဝင်တင်သွင်းမှုများရှိပြီး နယ်စပ်ဖြတ်ကျော်ကာ တရားမဝင် တင်သွင်းလာသည့် ဆေးဝါးများလည်း ရှိနေသည်။ ပြည်သူလူထုအများစုမှာ မှတ်ပုံတင်ထားသည့် ဆေးဝါး၊ ဆေးဝါး အတု၊




အစစ်နှင့်သက်တမ်းလွန် ဆေးဝါး ဟုတ်/မဟုတ် ဟူသည်ကို မဝေခွဲနိုင်သည့်အတွက် ယင်းအခြေအနေများကို အခွင့်ကောင်းယူ၍ ဆေးဝါးအတုများ ရှိနေခြင်းဖြစ်သည်။

နိုင်ငံအများအပြား ကိုဗစ်ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ကာကွယ်ဆေးအတုများ၊ ဆေးဝါးအတုများ၊ ဆေးပစ္စည်းကိရိယာအတုများ ထွက်ပေါ်နေသဖြင့် ယင်းပြဿနာမှာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ဆေးဝါးများ၊ အစားအသောက်များနှင့် ပတ်သက်သည့် ဥပဒေအသီးသီး ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ဥပဒေအတော်များများမှာ ပြည်သူလူထု၏ ကျန်းမာရေးအပေါ် အကာအကွယ်ပေးမှု အားနည်းနေဆဲဖြစ်သည်။ ဆေးဝါးအတု၊ ဆေးပစ္စည်းအတု ပြုလုပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်သည်။ ဆေးဝါးအတုများကြောင့် လူများ၌ ဆေးမတိုးတော့သည့် ဆင့်ကဲရောဂါပိုးမွှားများနှင့် မျိုးရိုးဗီဇပြောင်းသွားသောဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်သဖြင့် ယင်းကိစ္စသည် ဒေသတစ်ခုတည်းအတွက် သာမက တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်နေသည်။

### ဆေးဝါးအတု အဓိကပစ်မှတ်

ဆေးဝါးအတု လုပ်ငန်းများ၏ အဓိကပစ်မှတ်မှာ ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများ၊ ဆင်းရဲမွဲတေမှု နိမ့်ကျနေသည့် နိုင်ငံများဖြစ်သည်။ WHO က အာဖရိကတွင် နမူနာဆေးဝါးများ၏ ၁၈ ဒသမ ၇ ရာခိုင်နှုန်းသည် အတု သို့မဟုတ် စံချိန်မမီကြောင်း တွေ့ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း အိုင်ဗရီကို့စ်၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်းနိုင်ငံများတွင် ဆေးဝါးအတု တန်ချိန် ၁၉ တန် ဖမ်းဆီးရမိခဲ့သည်။ ဝင်ငွေနည်း သို့မဟုတ် အလယ်အလတ်ရှိသော နိုင်ငံများ၌ ဆေးပစ္စည်းထုတ်ကုန် ၁၀ ခုတွင် တစ်ခုသည် စံမမီဆေးဝါး သို့မဟုတ် ဆေးဝါးအတုဖြစ်နေကြောင်းနှင့် ဆေးဝါးအတုများကြောင့် အာဖရိကတိုက်တွင် တစ်နှစ်လျှင် သေဆုံးသူ ၁၀၀၀၀၀ ခန့်ရှိကြောင်း ထုတ်ပြန်ထားသည်။

နိုင်ငံအများအပြားအနေဖြင့် ကိုဗစ်ကူးစက်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ထိုသို့သော ကာကွယ်ဆေးအတုများ၊ ဆေးဝါးအတုများ၊ ဆေးပစ္စည်းကိရိယာအတုများ၏ ပြဿနာမှာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ဖြစ်စေသည်။ နိုင်ငံအချို့ရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ကိုဗစ်ဗိုင်းရပ်စ်နှင့် အနီးကပ်ဆုံးထိတွေ့နေရသူများ အများဆုံး အသုံးပြုနေရသည့် နှာခေါင်းစည်းများ အရည်အသွေးမပြည့်ဝမှု၊ ကိုရိုနာဗိုင်းရပ်စ် အမြန်စစ်ဆေးနိုင်သည့် ကိရိယာများ၏ အရည်အသွေးစိတ်မချရမှုကြောင့် ထုတ်လုပ်သည့်နိုင်ငံနှင့် အသုံးပြုသည့်နိုင်ငံအချင်းချင်း အငြင်းပွားမှုများ ဖြစ်ပေါ်နေသကဲ့သို့ အများပြည်သူတို့ မရှိမဖြစ် လိုအပ်နေသော နှာခေါင်းစည်းအတု ထုတ်လုပ်ရောင်းချမှုများနှင့် ဖမ်းဆီးရမိမှုများလည်း ရှိနေသည်။

### မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲကြ

ဈေးကွက်အတွင်းရှိ ဆေးဝါး၊ ဆေးပစ္စည်းအတုများနှင့်ပတ်သက်၍ အင်တာပိုလ်က ပါဝင်ပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောပစ္စည်းများလွန်ခြင်း သို့မဟုတ် နည်းလွန်းခြင်း သို့မဟုတ် မတူညီသော ပစ္စည်းများပါဝင်ခြင်း၊ မတူညီသော ဂုဏ်သတ္တိများ သို့မဟုတ် ဘေးထွက်ဆိုးကျိုးများရှိခြင်း၊ မတူညီသောပုံသဏ္ဌာန်၊ အရွယ်အစား၊ အရသာ သို့မဟုတ် အရောင်ရှိခြင်း၊ မှန်ကန်စွာ တံဆိပ်မကပ်ခြင်း သို့မဟုတ် လုံးဝတံဆိပ်မကပ်ခြင်း၊ ခေတ်မမီတော့သော သက်တမ်းကုန်ဆုံး ရက်စွဲရှိနေခြင်း၊ ဆေးကို သိမ်းဆည်းပုံနှင့် ပတ်သက်သည့် အချက်အလက်များ မပါရှိခြင်း၊ ညံ့ဖျင်းသော ထုပ်ပိုးမှုရှိခြင်း၊ စာလုံးပေါင်း သို့မဟုတ် သဒ္ဒါအမှားအယွင်းများဖြင့် တံဆိပ်တပ်ထားခြင်း စသည့်စံနှုန်းများဖြင့် သတ်မှတ်သည်။ အများပြည်သူတို့အနေဖြင့် လူမှုကွန်ရက်နှင့် အင်တာနက်စာမျက်နှာများ၊ အွန်လိုင်းဈေးကွက်တွင် ကြော်ညာလေ့ရှိသော ကပ်ရောဂါဆိုင်ရာ ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုရန်နှင့် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲကြပါရန် တိုက်တွန်းလိုက်သည်။

### တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်

မျက်မှောက်ကာလတွင် ဆေးဝါးနှင့် ဆေးပစ္စည်းအတု၊ ငွေစက္ကူအတု၊ အလှကုန်အတု အစရှိသည့် လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်နေသည်။ ကုန်ပစ္စည်းအတုအပသည် လုပ်ငန်းအားလုံးအပေါ် သက်ရောက်မှုရှိသော်လည်း ကိုဗစ်ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ဆေးဝါးအတုများ၊ စံမမီထုတ်ကုန်အတုများ ပိုမိုမြင့်တက်လာခဲ့သည်။ စစ်တမ်းများအရ အတုအပဈေးကွက်သည် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရာဇဝတ်မှုမြောက်သည့် လုပ်ငန်းဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတို့ထက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံ ပိုများသည်။ ယင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၈ ထရီလီယံအထိ တိုးလာမည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။ အထူးသဖြင့် ဆေးဝါးအတုများကြောင့် လူအများ၌ ဆေးမတိုးတော့သည့် ဆင့်ကဲရောဂါပိုးမွှားများနှင့် မျိုးရိုးဗီဇပြောင်းလဲသွားသောဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်သဖြင့် ယင်းကိစ္စသည် ဒေသတစ်ခုတည်းအတွက်သာမက

*စာမျက်နှာ ၁၇ သို့*

**❑ မြန်မာနိုင်ငံတွင် ဆေးဝါးများ၊ အစားအသောက်များနှင့် ပတ်သက်သည့် ဥပဒေအသီးသီး ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ဥပဒေအတော်များများမှာ ပြည်သူလူထု၏ ကျန်းမာရေးအပေါ် အကာအကွယ်ပေးမှု အားနည်းနေဆဲဖြစ်သည်။ ဆေးဝါးအတု၊ ဆေးပစ္စည်းအတုပြုလုပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဆေးဝါးအတုများကြောင့် လူများ၌ ဆေးမတိုးတော့သည့် ဆင့်ကဲရောဂါပိုးမွှားများနှင့် မျိုးရိုးဗီဇပြောင်းသွားသောဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်သဖြင့် ယင်းကိစ္စသည် ဒေသတစ်ခုတည်းအတွက် သာမက တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာ ဖြစ်နေ**

# ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးမြေဧက ၅၀၀ အတွက် အကျိုးပြုမည့် ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်



ပွင့်ဖြူ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ပြီး ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာသုတေသနလုပ်ငန်းစီမံကိန်းအစီအစဉ်ဖြင့် မဲဇလီဆည်ရေသောက်စနစ်ဖြစ်သည့် တောင်မုန်းမြောင်းမကြီး လက်တံ(၂) သရက်အုပ်ကွင်းရှိ စိုက်ပျိုးမြေဧက ၅၀၀ အကျိုးပြုမည့် ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သီးနှံဝင်ငွေများ တိုးပွားစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာသုတေသနလုပ်ငန်းစီမံကိန်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၉၀ ဖြင့် ငါးနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရကာ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သန်း အသုံးပြု၍ စီမံကိန်းလုပ်ငန်းတွင် ပါဝင်သော သုတေသနလုပ်ငန်းအတွက် ရေတိုင်းတာခြင်း၊ မိုးရေချိန်တိုင်းတာခြင်း၊ ရေငွေ့ပျံနှုန်းတိုင်းတာခြင်း၊ မြေအောက်ရေအနိမ့်အမြင့် တိုင်းတာခြင်း၊ မြေဆီလွှာနှင့် ရေအရည်အသွေးစစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တည်ဆောက်ရေးလုပ်ငန်းအနေဖြင့် မဲဇလီရေလွှဲဆည်မှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးရေဖြန့်ဝေပေးထားသော တောင်မုန်းမြောင်းမကြီး လက်တံ(၂) သရက်အုပ်ကွင်းရှိ စိုက်ပျိုးမြေဧက ၅၀၀ အကျိုးပြုမည့် ရေဆိုးထုတ်မြောင်းကို စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိပြီး မိုးလေဝသတိုင်းတာရေးစခန်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ ကောင်းမွန်စေရေးပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ရေပေးပြွန်များနှင့် ရေဆိုးထုတ်ပြွန်များ အဆင့်မြှင့်တင်ခြင်း၊ ရေတံခါးတပ်ဆင်ခြင်း၊ ရေသွင်းရေထုတ်စနစ်ရှိ အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ကုန်ထုတ်လမ်းများပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဒေသခံတောင်သူများကို တိုးတက်လာသော ခေတ်မီနည်းစနစ်များနှင့်အညီ စိုက်ပျိုးရေ စနစ်တကျဖြန့်ဝေပေးနိုင်မည့်အပြင် ရေဆိုးထုတ်မြောင်းများ တူးဖော်ပေးခြင်းကြောင့် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံက သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# ဖျာပုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

ဖျာပုံ ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ပေးသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို



ဩဂုတ် ၂ ရက်က ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်သည်။

ဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးကျော်က အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ တက်ရောက်လာသော သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးသောအတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ယူသွားကြစေလိုကြောင်း၊ သင်တန်းတွင် ကျွမ်းကျင်ပညာရှင်နည်းပြဆရာမများဖြင့် စနစ်တကျသင်ကြားပေးမည်ဖြစ်ပြီး လိုအပ်သော သင်ထောက်ကူပစ္စည်းများကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါ သင်တန်းကို ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

စိုးမိုးကျော်

# အမ်းမြို့နယ်၌ ဆိုင်ကယ်စက်ပြင် သင်တန်းဖွင့်

အမ်း ဩဂုတ် ၃

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ ဆိုင်ကယ်စက်ပြင်သင်တန်းကို မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးခန်းမ၌ ဩဂုတ် ၁ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းသင်တန်းသို့ ခရိုင်ကျေးလက်ခေတ္တဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးညီညီ (လက်ထောက်ညွှန်ကြားရေး)၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကာ သင်တန်း၌ သင်တန်းဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

*စာမျက်နှာ ၁၆ မှ*

တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်နေသည်။

မြန်မာနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ဈေးကွက်ရရှိပြီးဖြစ်သော ပြည်ပကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်ကူးယူသုံးစွဲမှု၊ ဆင်တူယိုးမှားပြုလုပ်မှုတို့ကြောင့် အမြတ်အစွန်းရနေသော လုပ်ငန်းများစွာရှိနေသည်။ ဉာဏပစ္စည်းမူပိုင်ခွင့် အမှတ်တံဆိပ်ကို တုပထုတ်လုပ်ရာမှ လက်ပူးလက်ကြပ်ဖမ်းမိသဖြင့် ဝန်ချတောင်းပန်သည့် ကြော်ငြာစာများ၊ ပြည်ပမှ တရားဝင်တင်သွင်းလာသော အလှကုန်နှင့် ဆေးဝါးအချို့ကို အတုပြုလုပ်မှုဖြင့် ဖမ်းဆီးရမိသည့် သတင်းများကို နေ့စဉ်ထုတ်သတင်းစာများတွင်မကြာခဏတွေ့မြင်နေရသည်။ ယနေ့ကာလတွင် နည်းပညာများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် ကဏ္ဍအားလုံးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းအတုအပများနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများအပေါ် အရေးယူနိုင်သည့် ဥပဒေများရှိပြီးဖြစ်သည်။ တည်ဆဲဥပဒေများကို အကောင်အထည်ဖော်ရာ၌ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။ သက်ဆိုင်ရာမှ ဈေးကွက်အတွင်း စစ်ဆေးခြင်းများရှိသော်လည်း အကြောင်းကြောင်းကြောင့် ထိရောက်စွာ မလုပ်ဆောင်နိုင်သေးပေ။ မည်သည့်နိုင်ငံမဆို ကုန်ပစ္စည်းအတုများကို ထုတ်လုပ်၊ ရောင်းဝယ် ဖောက်ကားသူများကို ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်အရေးယူနိုင်မှသာ ဝယ်ယူသုံးစွဲသူတို့၏ ကျန်းမာရေးနှင့် စားသုံးသူအခွင့်အရေးများကို အကာအကွယ်ပေးရာ ရောက်မည်ဖြစ်သည်။

ဆေးဝါးအတုအပဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း စဉ်ဆက်မပြတ်လုပ်ဆောင်ရန်နှင့် ဆေးဆိုင်များကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများကို အလေးထား အကောင်အထည်ဖော်သင့်သည်။ အများပြည်သူတို့အနေဖြင့်လည်း တရားဝင်ဖွင့်လှစ်ထားသော ဆေးဆိုင်များတွင်သာ ဝယ်ယူခြင်း၊ မှတ်ပုံတင်ထားသည့် ဆေးဝါး ဟုတ်၊ မဟုတ် ဟူသည်ကို သေချာစွာ စစ်ဆေးပြီးမှ ဝယ်ယူသုံးစွဲကြရန် လိုအပ်သည်။ ကပ်ရောဂါကာလကို အခွင့်ကောင်းယူကာ ဆေးဝါးအတုများ ပိုမိုထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုကို သတိကြီးစွာထားပြီး ဝယ်ယူသုံးစွဲရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ယနေ့ကာလတွင် နည်းပညာများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာသည်နှင့်အမျှ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် ကဏ္ဍအားလုံးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းအတုအပများနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများအပေါ် အရေးယူနိုင်သည့် ဥပဒေများရှိပြီးဖြစ်သည်။ တည်ဆဲဥပဒေများကို အကောင်အထည်ဖော်ရာ၌ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ပြေးခုန်ပစ်အားကစားမှ ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးနှစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၃**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ယှဉ်ပြိုင်မှုတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာ အားကစားအဖွဲ့သည် MANAHAN ကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် တင်ညိုက ရွှေတစ်ခု၊ စိုးသန်းက ငွေတစ်ခု၊ အောင်ထွန်းလင်းက ကြေးတစ်ခု၊ အမျိုးသားမီတာ၄၀၀ အပြေးပြိုင်ပွဲ **(အောက်ပုံ)** တွင် ကျော်ကျော်ဝင်းက ရွှေတစ်ခု၊ မောင်လင်းက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် တင်ညိုအား ဆုချီးမြှင့်ပေးအပ်သည်။




(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက် ဘော်လီဘောနှင့် အလေးမ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့အထိ မြန်မာမသန်စွမ်းအားကစား အဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ငါးခု စုစုပေါင်း ၁၇ ခု ရရှိလျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ- ဦးရဲဝင်းအောင်၊ နည်းပြချုပ်- ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ- ဦးမင်းမင်းထွန်း၊ ဦးစထက်နိုင်ဝင်း၊ ဂိုးနည်းပြ- ဦးစိန်အေး၊ ကစားသမားများအဖြစ် ဂိုးသမား- ဟိန်းထက်စိုး၊ ထက်အာကာဝင်း၊ အောင်ပြည့်ဖြိုး၊ နောက်တန်း- လင်းလင်းထွန်း၊ လန်းဆန်းအောင်၊ ထွန်းထွန်းသိန်း၊ မျိုးမင်းဟိန်း၊ ခန့်ဇင်ဟိန်း၊ ခွန်အောင်စိုး၊ လတ်ဝေဘုန်း၊ အလယ်တန်း- စောသန်းကိုသန်း၊ ရဲရင့်ဖြိုး၊ အာကာကျော်၊ မိုးဆွေ၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ရဲကောင်းဆက်၊ သာယာဝင်းထက်၊ ဟိန်းဇော်နိုင်၊ ဖြိုးသန့်ကိုကို၊ ချစ်အေး၊ ရှေ့တန်း- လမင်းထွေး၊ စွမ်းထက်၊ သန်းတိုးအောင်၊ သိန်းဇော်သီဟတို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၅၊ ၇၊ ၉ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်ပြီး အဆင့် ၃ နှင့် အဆင့် ၄ ရပ်တည်မှုရ နှစ်သင်းမှာ တတိယလုပွဲ ထပ်မံကစားရမည် ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၅ ရက်တွင် မလေးရှားနှင့် ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်၊ ဩဂုတ် ၇ ရက်တွင် မြန်မာနှင့် ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှား၊ ဩဂုတ် ၉ ရက်တွင် မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# “ဂန္ထဝင်သံစဉ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဩဂုတ် ၃**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် တင်ဆက်မည့် **“ဂန္ထဝင်သံစဉ်”** တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဩဂုတ် ၅ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်ကြမည်**

ယင်းအစီအစဉ်တွင် မြန်မာ့အသံဆိုင်းဝိုင်းကြီးနှင့် သံစုံတီးဝိုင်းတို့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် နန်းဝင်း၊ ချမ်းဟိန်း ဝင်းထွန်း၊ မင်းသားလေး၊ ယဉ်ဝေယံထွန်း၊ ခရမ်းကြည်ကြည်မာ၊ နေခြည်၊ ရွှေဖြူ၊ သဒ္ဒါဖြူ၊ မြတ်နိုးစံနှင့် ဝမ်းကေဇင်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးပိုနေမည်

**နေပြည်တော် ဩဂုတ် ၃**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စဉ်ကူးမြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၂ ဒသမ ၃၅ လက်မ၊ ကျောက်တော်မြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၂၅ လက်မစီ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ တောင်သာမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပုသိမ်ကြီး (ရွှေစာရံ) တွင် ၁ ဒသမ ၆၉ လက်မနှင့် လောင်းလုံးမြို့တွင် ၁ ဒသမ ၅၇ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**




# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဩဂုတ် ၃**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၇) ကို ဩဂုတ် ၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် နိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၅၊ ၆ နှင့် ၇ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “(၃၈) ဖြာမင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဩဂုတ် ၃**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈) ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက် ရှိသည်။

အဆိုပါ (၃၈) ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **သိပ္ပဉ္စ (အပြစ်ကင်းသော နှုတ်မှုလက်မှုပညာတို့ တတ်မြောက်ကူညီခြင်း) နှင့် သောဝစဿတာ (ဆိုဆုံးမလွယ်သူဖြစ်ခြင်း)** အစီအစဉ်ကို ဩဂုတ် ၆ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဖူးပွင့်ရွှေရည်လှိုင်၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ဩဂုတ် ၁၁ ရက် (ကြာသပတေးနေ့) များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဆည်တာတမံအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုများ အလေးထားဆောင်ရွက်လျက်ရှိ

**ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုအခြေအနေကို ခန့်မှန်းရသည်မှာ မလွယ်ကူတော့ပေ။ မျှော်သည့်အခါ မရွာ၊ မလိုမှ ရွာသွန်းတတ်သည့် မိုးဖြစ်လာသည့်အတွက် တောင်သူများသည် ဆည်တာတမံများမှ ပေးဝေသည့် စိုက်ပျိုးရေကို အားထားကြရသည်။ ထိုသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆည်တာတမံများသည် တောင်သူများကို အကျိုးပြုလျက်ရှိသည် မှန်သော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဆည်တာတမံများ ထိခိုက်ပျက်စီးကာ ပြည်သူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အထူးအလေးပေး စီမံဆောင်ရွက်နေသည်။**

*မိုးပြည့်*

ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေသည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များအရ အချိန်တိုအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့လာရသည်။ သို့အတွက် တည်ဆောက် ထိန်းသိမ်းထားသော ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ နေ့စဉ်ပုံမှန် စစ်ဆေးခြင်း ဆောင်ရွက်ကာ မှတ်တမ်းရေးသွင်းခြင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ကြံ့ခိုင်မှုစစ်ဆေး**

ရေလှောင်တမံများကြံ့ခိုင်မှုကို နေ့စဉ်ပုံမှန် စစ်ဆေးခြင်းများအပြင် မိုးရာသီမတိုင်မီ ကျွမ်းကျင် ပညာရှင် တမံစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာပြုစုတင်ပြခြင်း၊ မိုးရာသီမတိုင်မီ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ အကယ်၍ မိုးရာသီကာလတွင် ရေပိုလွှဲမှ ရေကျော်သည့် အခြေအနေမျိုး တည်ရှိလာပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ ဝန်ထမ်းများသည် ရေကျော်ကျသည့် အချိန်မှစ၍ ၂၄ နာရီ နေ့/ည နာရီစဉ် ကင်းလှည့်စောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက်**

ရေလှောင်တမံများတွင် သဘာဝဘေး အန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်မှုမဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာ များနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲ ဆောင်ရွက် နိုင်ရန် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ကို နှစ်စဉ် ရေးဆွဲထားရှိပြီး သဘာဝဘေးအန္တရာယ် အရေးပေါ် အခြေအနေ အဆင့်(၃)ဆင့် သတ်မှတ်ထားသည်။ အရေးပေါ် အခြေအနေအဆင့်အလိုက် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အလံများကို ရေလှောင်တမံ၊ တာများရှိ ရေကင်းစခန်းများနှင့် ကျေးရွာအုပ်ချုပ် ရေးမှူးရုံးများတွင် စိုက်ထူပြီး အလံအရောင်များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပြည်သူများအား အသိပေး နှိုးဆော်ထားပြီး ဖြစ်သည်။

**ဘေးကင်းလုံခြုံမှုတည်နေရာပြမြေပုံ**

မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တမံအောက်ဘက်ဒေသရှိ



ဖြူးချောင်းရေလွှဲဆည်

> **"မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တမံအောက်ဘက် ဒေသရှိ ပြည်သူများအသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုလျော့ပါးသက်သာစေရန် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံရေးဆွဲ၍ ဘေးကင်းရာသို့ စနစ်တကျ ရွှေ့ပြောင်းနိုင်ရန်၊ ဘေးအန္တရာယ်မှကင်းလွတ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ သို့အတွက် ပေါင်းလောင်းရေလှောင်တမံ၊ ဆွာချောင်းရေလှောင်တမံ၊ ကတိုက်ရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ မမြေရေလှောင်တမံ၊ သုံးဆယ်ရေလှောင်တမံနှင့် မုက္ခာရေလှောင်တမံများတွင် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ ရေးဆွဲထားရှိပြီး ဖြစ်သည်"**

ပြည်သူများအသက်အိုးအိမ်စည်းစိမ် ထိခိုက်မှု လျော့ပါးသက်သာစေရန် ဘေးကင်းလုံခြုံမှု တည်နေရာပြ မြေပုံရေးဆွဲ၍ ဘေးကင်းရာသို့ စနစ်တကျ ရွှေ့ပြောင်းနိုင်ရန်၊ ဘေးအန္တရာယ်မှကင်းလွတ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ သို့အတွက် ပေါင်းလောင်းရေလှောင်တမံ၊ ဆွာချောင်းရေလှောင်တမံ၊ ကတိုက်ရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ မမြေရေလှောင်တမံ၊ သုံးဆယ်ရေလှောင်တမံနှင့် မုက္ခာရေလှောင်တမံများတွင် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ ရေးဆွဲထားရှိပြီး ဖြစ်သည်။

**တမံကြံ့ခိုင်ရေးဆိုင်ရာလုပ်ငန်းများ**

ရေလှောင်တမံများ၏ ကြံ့ခိုင်မှုစစ်ဆေးရာတွင်လည်း တည်ဆောက်ထားရှိပြီးဖြစ်သည့် ရေလှောင်တမံများတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိမှုကို ယနေ့ ခေတ်အခြေအနေနှင့်ကိုက်ညီသည့် အချက်အလက်များကို အသုံးပြုကာ ခေတ်မီနည်းပညာဖြင့် တွက်ချက်စစ်ဆေးပြီး လိုအပ်လျှင် ကြံ့ခိုင်မှုကောင်းစေရန် အားဖြည့်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရဲနွယ်ရေလှောင်တမံနှင့် မုန်းရေလှောင်တမံတို့တွင် တမံကြံ့ခိုင်ရေးဆိုင်ရာလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင် ၂၁၀ လုပ်ငန်းစုစုပေါင်း ၈၇၀ တည်ဆောက်ထိန်းသိမ်းထားရှိသည်။ အဆိုပါ ဆည်တာတမံများမှ စိုက်ပျိုးတောင်သူများအတွက် နှစ်စဉ် မိုးစပါးအောင်ရေပေးဝေခြင်း၊ နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေပေးဝေခြင်း အချို့သော ဆည်/ ကန်များမှ သောက်သုံးရေပေးဝေခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သို့သော် ထူးကဲရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးမှု ကြုံရသကဲ့သို့ အခြားတစ်ဖက်တွင် ရာသီအလိုက် မိုးရွာသွန်းမှုနည်းပါးခြင်း၊ ရေဝေရေလဲဧရိယာတွင် မိုးရွာသွန်းမှုပုံစံမမှန်ခြင်းကြောင့် ဆည်/ ကန်များအတွင်း ရေဝင်နည်းပါးကာ စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးသည့် သဘာဝဘေးအန္တရာယ်အကျိုးဆက်များကြောင့် စိုက်ပျိုးတောင်သူများအား ထိခိုက်နိုင်သည့်အတွက် ဖြေရှင်းကျော်လွှားသွားနိုင်မည့် လုပ်ငန်းရပ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ လက်ရှိတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးမှုလျော့နည်းစေရန်အတွက် မိုးရေခံနည်းပညာကို အသုံးပြု၍ ရေသိုလှောင်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်၊ ယာယီတမံငယ်များပိတ်၍ ရေသိုလှောင်ခြင်း စသည့်လတ်တလောအကျိုးပြုသည့် လုပ်ငန်းများ၊ မြေအောက်ရေဖြည့်တင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။

ထို့ပြင် ရေစီးရေလာသေချာ ကောင်းမွန်သည့် နေရာများတွင် ရေလွှဲဆည်၊ ကန်နှင့် တမံငယ်များ ဆောင်ရွက်ခြင်း၊ မြစ်ရေတင် စခန်းသစ်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နှစ်ရှည်လုပ်ငန်းများအနေဖြင့် ရေလှောင်တမံများ ရေနည်းပါက ရေကူဖြည့်တင်းပေးနိုင်သည့် ရေကူရေသွယ်မြောင်းများ ဆောက်လုပ်ခြင်း၊ ရေကူရေလှောင်တမံများ တည်ဆောက်ခြင်းများကို ဖော်ဆောင်လျက်ရှိသည်။

**မြေအောက်တမံ တည်ဆောက်ခြင်းများ**

မိုးရွာသွန်းမှုနည်းပါးပြီး မိုးရွာသွန်းကာလတိုသည့် ရေခက်ခဲသော မိုးခေါင်ရေရှားဒေသများတွင် သောက်သုံးရေရရှိရေးအတွက် သဲချောင်းများတွင် မြေအောက်တမံ တည်ဆောက်ခြင်းများကိုလည်း ကာလတိုအတွင်း ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျောက်ထပ်မြေအောက်တမံနှင့်သဲတော မြေအောက်တမံ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဝါခင်းကြီးချောင်းမြေအောက်တမံတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

အလားတူ သောက်သုံးရေလိုအပ်ချက်အတွက် မန္တလေးတိုင်းဒေသကြီးတွင် တောင်ဇင်းချောင်း၊ ဘောလုံးကျွန်းချောင်းနှင့် စိတ္တိန်းချောင်းများတွင် မြေအောက်တမံများ တည်ဆောက်၍ လည်းကောင်း၊

*စာမျက်နှာ ၂၁ သို့*



တာပေါ်ရေကျော်ခြင်းအတွက် သဲအိတ်ဆင့်ခြင်းဆောင်ရွက်မှု သရုပ်ပြနေစဉ်။



ဝါးခင်းကြီးချောင်း မြေအောက်တမံတည်ဆောက်နေစဉ်။



ချောင်းမငယ်ရွှေ့ပြေးစီမံကိန်းဧရိယာအတွင်း မိုးရေချိန်စခန်းထားရှိ၍ သုတေသနဆောင်ရွက်နေပုံ။

# မိုးမောက်– ကျောက်စခန်း–စိန်လုံ– လွယ်ဂျယ်လမ်း သတ်မှတ်ချိန်အတွင်းပြီးစီးရေး ညှိနှိုင်းဆွေးနွေး



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် အမှာစကား ပြောကြားစဉ်။

**ဗန်းမော် ဩဂုတ် ၃**

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကလမ်းမကြီးဖြစ်သည့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းမှ မိုးမောက်–ကျောက်စခန်း–စိန်လုံ–လွယ်ဂျယ်လမ်းအရှည် ၄၇ မိုင် လေးဖာလုံ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် လမ်းဦးစီးဌာနတာဝန်ရှိသူများ၊ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတာဝန်ရှိသူများနှင့် ဩဂုတ် ၁ ရက်က ဗန်းမော်မြို့ မြသီတာဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မိုးမောက် – လွယ်ဂျယ်လမ်းသည် မြန်မာ – တရုတ် နယ်စပ်ကုန်စည်စီးဆင်းရာတွင် အဓိကလမ်းကြောင်းတစ်ခု ဖြစ်သည့်အတွက် သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးအောင် မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် လိုအပ်ချက်၊ အခက်အခဲများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပံ့ပိုးကူညီပေးနိုင်ရေး တင်ပြဆွေးနွေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လမ်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ဟုန်ရှင်းကျန်းဘ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးမောင်ချင်းက BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တာဝန်ခံအင်ဂျင်နီယာက မိုးမောက်–ကျောက်စခန်း–စိန်လုံ–လွယ်ဂျယ်လမ်း ၄၇ မိုင် လေးဖာလုံ လမ်းပိုင်းအတွင်း လမ်းစီမံကိန်းအကြိုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လမ်းနယ်အတွင်း ပါဝင်သွားသော မြေယာသီးနှံပင်များအတွက် လျော်ကြေးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုးရာသီကာလအတွင်း လမ်းကြောင်း ပြတ်တောက်မှုမရှိစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လမ်းဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစာချုပ်ပါအတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လိုအပ်ချက်၊ အခက်အခဲများကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ မိုးမောက်–လွယ်ဂျယ်လမ်းသည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်း လွယ်ဂျယ်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ခရိုင် ကျန်းဖုန်းမြို့အထိ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး ဗန်းမော်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးထုတ်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် အဓိကကျသည့် လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။ လမ်းပိုင်းဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနနှင့် ကုမ္ပဏီတို့က ယခုနှစ် ဧပြီလဆန်းပိုင်းက BOT လက်မှတ်ရေးထိုးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရန် ပြည်သူများအား ဆွေးနွေးနေစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးမှ ဘုတလင် Low Lift မြစ်ရေတင်စီမံကိန်း။

*စာမျက်နှာ ၂၀ မှ*

မကွေးတိုင်းဒေသကြီးတွင် အောင်နန်းမြေအောက်တမံ၊ ကျတ်ပြည့်မြေအောက်တမံ၊ ဖောင်ကျောင်းမြေအောက်တမံ၊ ရိုးရမြေအောက်တမံ၊ ဥသျှစ်ကုန်းမြေအောက်တမံနှင့်ရေထွက်မြေအောက်တမံများကို တည်ဆောက်အကောင်အထည်ဖော်ပြီး ပြည်သူ့အကျိုးပြု ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

**ရေအသုံးချသူအဖွဲ့များ ဖွဲ့စည်း**

မိုးခေါင်မှု သဘာဝဘေးကြောင့် ရေရှားပါးမှုများဖြစ်ပေါ်လာပါက ရေကိုအကျိုးရှိ ထိရောက်စွာအသုံးချနိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရေအသုံးချသူများအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် အဖွဲ့ဝင် တောင်သူ ၂၂၄၇၈၀ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ၈၆၂၃ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။

**ရေဘေးကာကွယ်ရေး**

မြို့ပြကျေးရွာအိုးအိမ်များ၊ စိုက်ပျိုးမြေများ နှစ်စဉ် မိုးရာသီ ရေဘေးအန္တရာယ်မှကာကွယ်ရန် ရေဘေးကာကွယ်ရေးနှင့် ရေငန်တား တာ ၂၃၀၊ (အလျား ၂၅၁၉ မိုင်) ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ထိန်းသိမ်းထားရှိပြီး ရေဘေးကာကွယ်ရေး ဧရိယာဧက ၂၇ ဒသမ ၂၇ သိန်းကို နှစ်စဉ်ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်နှင့် ရေကြီးနစ်မြုပ်မှု သက်သာစေရေးအတွက် ဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ်ရန်ပုံငွေဖြင့် ချောင်းကော၊ မြောင်းကော၊ သဘာဝရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ၊ မြစ်ကမ်းပါး၊ ချောင်းကမ်းပါးရှိ တာတမံများ အသစ်တည်ဆောက်ခြင်း၊ တာတမံ တောင့်တင်းခိုင်မာအောင်ပြုပြင်ခြင်းနှင့် ပင်လယ်ဒီရေ မဝင်ရောက်နိုင်ရန် ရေငန်တား တာများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် နှစ်စဉ် အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးလုပ်ငန်းပေါင်း ၄၀၈ ခု ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း ၇၃၁ ခုကို ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ရေဘေးကာကွယ်ရေး တာများတွင် နှစ်စဉ်မိုးရာသီမတိုင်မီ တာတမံကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာများ ပြုစုတင်ပြခြင်း၊ လိုအပ်သည့်နေရာများတွင် တာကြံ့ခိုင်မှုရှိစေရန် အချိန်မီပြုပြင်ခြင်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ မြစ်ရေကြီးမှုဖြစ်လာပါက ၂၄ နာရီ နေ့ကင်း၊ ညကင်းဖြင့် ကင်းလှည့်စောင့်ကြည့်ခြင်း၊ ကျိုးပေါက်မှု ဖြစ်ပေါ်နိုင်ပါက ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ချက်ချင်းအရေးပေါ်ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းခြင်းတို့ကို မဖြစ်မနေဆောင်ရွက်လျက်ရှိသည်။ မိုးရာသီကာလ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ သရုပ်ပြပွဲများပြုလုပ်ပြီး ဒေသနေပြည်သူများ ပူးပေါင်းပါဝင်ရန် အသိပညာပေး လှုံ့ဆော်လျက်ရှိသည်။

**ကြိုတင်ကာကွယ်ရေး အစီအမံများ**

သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနသည် ရာသီဥတုပြောင်းလဲမှုအရ ပေါ်ပေါက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဆည်တာတမံထိခိုက်ကာ ပြည်သူများ ဘေးအန္တရာယ်ကျရောက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း စိုက်ပျိုးတောင်သူများအတွက် လိုအပ်သည့် မိုးစပါးအောင်ရေ ပေးဝေခြင်း၊ နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေပေးဝေခြင်း အချို့သော ဆည်/ ကန်များမှ သောက်သုံးရေ ပေးဝေခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးခြင်းတို့ဖြင့် ပြည်သူ့အကျိုးကို ကြိုးပမ်းဖော်ဆောင်နေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



# စီးပွားရေးလုပ်ငန်းများနှင့် B2B ဝန်ဆောင်မှု အသုံးပြုသူများအတွက် MPT က ပထမဆုံး One Stop Cloud ဝန်ဆောင်မှုကို မိတ်ဆက်

**ရန်ကုန်  ဩဂုတ် ၃**

MPT က ယုံကြည်စိတ်ချရသော Cloud ဝန်ဆောင်မှုများကိုပေးအပ်ရန် ရည်ရွယ်၍ ပထမဆုံး One Stop Cloud ဝန်ဆောင်မှုကို လုပ်ငန်းရှင်များနှင့် B2B ဝန်ဆောင်မှု အသုံးပြုသူများအတွက် ဩဂုတ် ၂ ရက်မှစ၍ မိတ်ဆက်ထားပြီဖြစ်ကြောင်း သိရသည်။

MPT ၏ B2B Cloud ဝန်ဆောင်မှုအသစ်သည် စီးပွားရေးလုပ်ငန်းစုများနှင့် ကိုက်ညီသော စည်းမျဉ်း၊ စည်းကမ်းများ၊ သုံးစွဲသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် အခြားသော ဒေတာအချက်အလက်များကို လုံခြုံစွာသိမ်းဆည်းပေးခြင်းနှင့် ဒေတာအချက်အလက်များကို ပြောင်းရွှေ့ခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အင်တာနက်ပေါ်တွင် စီမံခန့်ခွဲသည့် IaaS (Infrastructure as a Service) ဝန်ဆောင်မှုတစ်ခုလည်းဖြစ်ပြီး ဆာဗာများရှိရာနေရာသို့ အင်တာနက်ပေါ်မှတစ်ဆင့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့် ကွန်ရက်ကိုအသုံးပြုပြီး အင်တာနက်ပေါ်တွင် ဒေတာအချက်အလက်များ သိမ်းဆည်းခြင်း၊ ဒေတာစီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ပြည့်တွင်း၌ပင် ဝန်ဆောင်မှုပေးခြင်းဖြစ်ကာ ဝန်ဆောင်မှုတွင် Virtual Network၊ Virtual Machine၊ Virtual Storage နှင့် OS License ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုအတွက် ဒေတာစင်တာကို မြန်မာနိုင်ငံတွင်ထားရှိပြီး B2B သုံးစွဲသူများအတွက် လုပ်ငန်းစနစ်များ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို ပြည်တွင်း၌ပင် ဆောင်ရွက် ပေးခြင်းဖြစ်၍ အသုံးပြုသူများသည် မြင့်မားသောကွန်ရက် စွမ်းဆောင်ရည်ကို ရရှိနိုင် ခြင်း၊ ဒေတာများ လျှင်မြန်ချောမွေ့စွာရယူနိုင်ခြင်း၊ ဝန်ဆောင်မှုများ တစ်နေရာတည်းတွင် ရယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

MPT သည် သုံးစွဲသူများ၏ လိုအပ်ချက်ပေါ်မူတည်၍ MPT B2B Cloud ဝန်ဆောင်မှုကို ပေးအပ်လျက်ရှိပြီး အဆိုပါဝန်ဆောင်မှုများကို ကြိုတင်စာရင်းသွင်းခြင်းပြုလုပ်၍ လစဉ်ငွေပေးချေမှုပုံစံဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက MPT သုံးစွဲသူများအတွက် အခမဲ့ဆက်သွယ်နိုင်သည့် B2B Hotline ဖြစ်သော ၀၈၀၀ ၈၀၀ ၉၉၉၀ သို့မဟုတ် ၀၉-၄၂၆၀၀၀၃၂၃ နှင့် အခြား အော်ပရေတာသုံးစွဲသူများအတွက် ၁၀၆ သို့မဟုတ် ၀၁-၂၃၉၉၁၀၆ နှင့် အီးမေးလ် b2b@mptjo.com.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ MPT အနေဖြင့် B2B ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီးပွားရေး လုပ်ငန်းများအတွက်ရည်ရွယ်၍ မြန်နှုန်းမြင့် ဖိုင်ဘာအင်တာနက်အပါအဝင် စီးပွားရေးသုံး မိုဘိုင်းဝန်ဆောင်မှုများကိုလည်း ပေးအပ်လျက်ရှိကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုစိုး**

# အက်တမ်၏ သီးသန့်ဂိမ်းဖြစ်သည့် ရွှေလယ်တောဂိမ်းတွင် အထူးဆုများရရှိမည့် မိုးရာသီအထူးအစီအစဉ်ပြုလုပ်

**ရန်ကုန်  ဩဂုတ် ၃**

အက်တမ်ဆင်းကတ်များကို အသုံးပြုနေသူများသာ ကစားနိုင်သော သီးသန့်ဂိမ်းဖြစ်ပြီး အက်တမ်စတိုးအက်ပ်အတွင်း၌သာ ကစားနိုင်သော ရွှေလယ်တောဂိမ်းကို ပုံမှန်ကစားသူပေါင်း နှစ်သန်းကျော်ရှိနေကြောင်းနှင့် ဂိမ်းအတွင်း လက်ငင်းငွေသားရရှိနိုင်မည့် အထူးဆုများနှင့် အခြားဆုများကို ရရှိနိုင်မည့် မိုးရာသီ အထူးကမ်ပိန်းကိုလည်း ဩဂုတ် ၁ ရက်မှ စ၍ ဩဂုတ်လကုန်အထိ ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

ရွှေလယ်တောဂိမ်းကို စတင်မိတ်ဆက်ချိန်မှစ၍ ယခုအချိန်ထိ စုစုပေါင်းအကြိမ်အရေအတွက် ၃၈ သန်းကျော် ကစားပြီးဖြစ်သလို ပုံမှန်ကစားသူ နှစ်သန်းကျော်ရှိနေကြောင်း၊ ယခု မိုးရာသီ အထူးကမ်ပိန်းကာလအတွင်း၌ အက်တမ်ဆင်းကတ်အသုံးပြုသူများအားလုံးသည် ၎င်းတို့၏ စတားအဆင့်အပေါ်မူတည်ပြီး အသက်အပိုဆု နှစ်ဆရရှိမည်ဖြစ်ကြောင်း၊ ဂိမ်းကိုကစားရင်းဖြင့် ဖုန်းဘေလ် လက်ငင်းရမည့်ဆုများအပြင် ဒေတာဆုများ၊ အချင်းချင်း ဖုန်းခေါ်ဆိုမှုနှင့် စာတိုပေးပို့မှုစသည့်ဆုများကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

အက်တမ်အနေဖြင့် သုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သော ဂိမ်းအသစ်များအပါအဝင် ဆွဲဆောင်မှုရှိသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထပ်မံမိတ်ဆက်သွားမည်ဖြစ်ကြောင်းလည်း အက်တမ်က ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

**ကျော်ဇင်ဦး**

# ထိုင်းနိုင်ငံ၌ကျင်းပသည့် ဟွာဝေးထုတ်ကုန်ပြပွဲတွင် မိတ်ဆက်ပြသခဲ့သော ထုတ်ကုန်သစ်များ

**ဟွာဝေးသည် ၎င်း၏ထုတ်ကုန်သစ်များကို ပြသသည့် HUAWEI APAC Smart Office Launch 2022 ပြပွဲကို ဇူလိုင် ၂၈ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး အဆိုပါပြပွဲတွင် MateBook X Pro ၊ MateBook 16s နှင့် MateBook D 16 လက်ပ်တော့ပ်များ၊ MatePad Pro 11 တက်ဘလက်၊ MateView SE မော်နီတာ၊ FreeBuds Pro 2 နားကြပ်၊ WiFi Mesh3 ဝိုင်ဖိုင်စက်နှင့် ကြိုးမဲ့မောက်စ်များကို ပြသခဲ့ရာ အဆိုပါထုတ်ကုန်သစ်များ၏ အချက်အလက်များကို ဖော်ပြလိုက်ပါသည်။**

## MateBook X Pro လက်ပ်တော့ပ်

MateBook X Pro သည် ဟွာဝေး၏ နောက်ဆုံးထုတ်လက်ပ်တော့ပ်ဖြစ်ပြီး မဂ္ဂနီဆီယမ်သတ္တုစပ် ကိုယ်ထည်ကြောင့် အလေးချိန် ၁ ဒသမ ၂၆ ကီလိုဂရမ်သာရှိသည်။ မျက်နှာပြင်အကျယ် ၁၄ ဒသမ ၂ လက်မရှိပြီး Display ပိုင်းတွင် ကမ္ဘာ့ပထမဆုံး Eye Comfort 3.0 အသိအမှတ်ပြုလက်မှတ်ကို ရရှိထားသည်။ CPU သည် 12th Gen Core™ ပရိုဆက်ဆာဖြစ်ပြီး ကင်မရာပိုင်းတွင်လည်း AI ကင်မရာလုပ်ဆောင်ချက်များ ပါဝင်သည်။



## MateBook D 16 နှင့် MateBook 16s လက်ပ်တော့ပ်

MateBook D 16 သည် ဟွာဝေး၏ MateBook D စီးရီးထဲမှ နောက်ဆုံးထွက်မော်ဒယ်ဖြစ်ပြီး မျက်နှာပြင်အကျယ်မှာ ၁၆ လက်မရှိသည်။ ကိုယ်ထည်အထူ ၁၈ ဒသမ ၄ မီလီမီတာနှင့် အလေးချိန် ၁ ဒသမ ၇ ကီလိုဂရမ်ရှိသည်။ CPU ပိုင်းတွင် Intel® Core™ H စီးရီး ပရိုဆက်ဆာပါဝင်ပြီး လက်ဗွေစနစ်သုံးနိုင်သော ပါဝါခလုတ်၊ အမြန်အားသွင်းစနစ်စသည့် လုပ်ဆောင်ချက်များလည်း ပါဝင်သည်။

ဟွာဝေး၏ MateBook စီးရီးမှ အခြားမော်ဒယ်တစ်ခုဖြစ်သော MateBook 16s လက်ပ်တော့ပ်တွင် 12th Gen Intel® Core™ ပရိုဆက်ဆာများကို အသုံးပြုထားပြီး ပရိုဖက်ရှင်နယ်အဆင့်သုံးနိုင်သော လက်ပ်တော့ပ်ဖြစ်ကာ အဆင့်မြင့် ရှုံးသုံးဆော့ဖ်ဝဲများကိုလည်း သုံးနိုင်မည်ဖြစ်သည်။ မျက်နှာပြင်အရည်အသွေးပိုင်းနှင့် စမတ်စွမ်းရည်ပိုင်းတွင်လည်း အဆင့်မြှင့်တင်ထားမှုများ ပါဝင်သည်။



## MatePad Pro 11 တက်ဘလက်

MatePad Pro 11 သည် ဟွာဝေး၏ စွမ်းဆောင်ရည်မြင့် တက်ဘလက်မော်ဒယ်သစ်ဖြစ်ပြီး မျက်နှာပြင်အရွယ်အစား ၁၁ လက်မရှိသည်။ Display သည် OLED အမျိုးအစားဖြစ်ပြီး 120 Hz refresh rate အထိ ထောက်ပံ့ပေးသလို ဟွာဝေး၏ Real Colour နှင့် FullView Display လုပ်ဆောင်ချက်များကြောင့် ကောင်းမွန်သော ရုပ်ထွက်အရည်အသွေးကို ရရှိမည်ဖြစ်သည်။ အသံပိုင်းတွင်လည်း ဟွာဝေး၏ အသံစနစ်ဖြစ်သော HUAWEI SOUND® ပါသည့် ပထမဆုံး တက်ဘလက်ဖြစ်သည်။ တက်ဘလက်အဖြစ် M-Pencil ဖြင့် တွဲသုံးခြင်းဖြင့် စာရေးခြင်း၊ ပုံဆွဲခြင်းများကို ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်မည်ဖြစ်သလို အဆင့်မြှင့်တင်ထားသော စွမ်းဆောင်ရည်အသစ်များကြောင့် တက်ဘလက်ကို ဟွာဝေး၏ စမတ်ကီးဘုတ်နှင့်တွဲသုံးပါက ကွန်ပျူတာအဆင့်အဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ တက်ဘလက်၏ အလေးချိန်မှာ ၄၄၀ ဂရမ်နှင့် အထူမှာ ၅ ဒသမ ၉ မီလီမီတာရှိပြီး ဟွာဝေးကထုတ်သည့် တက်ဘလက်များထဲတွင် အပေါ့ဆုံးနှင့် အပါးလွှာဆုံးဖြစ်သည်။



## FreeBuds Pro 2 နားကြပ်

FreeBuds Pro 2 သည်လည်း အသံပိုင်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ အသိအမှတ်ပြုလက်မှတ်များ ရရှိထားပြီးသော နားကြပ်မော်ဒယ်သစ်ဖြစ်ပြီး သီချင်းနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းများအတွက် အကောင်းဆုံး အသံအရည်အသွေးကို ရရှိစေမည်ဖြစ်သလို ဖုန်းပြောဆိုရာတွင်လည်း မလိုအပ်သောဆူညံသံများကို ဖယ်ရှားပေးသည့်စနစ်ဖြစ်သော TWS နှင့် 4-MiC စနစ်များကြောင့် ဆူညံသံများကို ဖယ်ရှားပေးနိုင်မှုတွင် ယခင်ကထက် ၁၅ ရာခိုင်နှုန်းအထိ ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

## MateView SE မော်နီတာ

MateView SE မော်နီတာသည် မျက်နှာပြင်အကျယ် ၂၃ ဒသမ ၈ လက်မရှိပြီး မျက်နှာပြင်သည် ကိုယ်ထည်၏ ၉၂ ရာခိုင်နှုန်းအထိရှိသည်။ ကွန်ပျူတာကို အသုံးပြုမှုအပေါ်မူတည်ပြီး မော်နီတာကို ဒေါင်လိုက်အနေအထားပြောင်း၍ အသုံးပြုနိုင်သလို eBook Mode ကို ဖွင့်ထားပါက မျက်စိအာရုံစိုက်ရမှုကိုသက်သာစေသော Ink-on-paper effect ကို ပြပေးမည်ဖြစ်သည်။ မော်နီတာမျက်နှာပြင်၏ Display ပိုင်းအရည်အသွေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များကိုလည်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။




**ကိုစိုး၊ ကိုးကား- consumer.huawei.com**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာန
## နိုင်ငံတကာအကြံပေးပုဂ္ဂိုလ် အဆိုပြုလွှာခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်ဖွဲ့စည်းခြင်းလုပ်ငန်းကို Geographic Information System (GIS) နည်းပညာအသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်သည် လုပ်ငန်းဆောင်ရွက်မည့် အသေးစိတ် အစီအမံရေးဆွဲပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပံ့ပိုးခြင်း၊ သင်တန်းပို့ချပေးခြင်းနှင့် စနစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့် နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်ကို စိစစ်အကဲဖြတ် ရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ပါ၍ စိတ်ဝင်စားသူများ အောက်ပါအတိုင်း ဆက်သွယ်၍ အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်၏ လုပ်ငန်းလမ်းညွှန်ရယူနိုင်မည့် နေ့ရက်နှင့်အချိန်** - ၈-၈-၂၀၂၂ ရက်နေ့မှ ၁၉-၈-၂၀၂၂ ရက်နေ့အထိ၊ ရုံးချိန်အတွင်း။ လုပ်ငန်း လမ်းညွှန်အား www.dop.gov.mm တွင် ရယူနိုင်ပါသည်။

(ခ) **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၄၈)၊ နေပြည်တော်။

(ဂ) **အဆိုပြုလွှာတင်သွင်းရမည့်နည်းလမ်း**- လူကိုယ်တိုင် သို့မဟုတ် email: pop.dept.mm@gmail.com မှတဆင့်

(ဃ) **အဆိုပြုလွှာ နောက်ဆုံးတင်သွင်း ရမည့် နေ့ရက်နှင့်အချိန်** - ၁၉-၉-၂၀၂၂ ရက်နေ့၊ ၁၆:၃၀ နာရီ။ မြန်မာစံတော်ချိန် (ရုံးချိန်အတွင်း)

(င) **အင်တာဗျူး ကျင်းပမည့် နေ့ရက်နှင့်အချိန်** - ထပ်မံအကြောင်းကြားပါမည်။

၃။ သတ်မှတ်ရက်နှင့် အချိန်ထက်ကျော်လွန်တင်သွင်းသည့် အဆိုပြုလွှာများကို လက်ခံခြင်း ပြုမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် Email သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်
ဖုန်းနံပါတ် - +၉၅၆၇-၄၃၁၀၆၆၊ +၉၅၆၇-၄၃၁၀၆၇
Email address - pop.dept.mm@gmail.com

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန ၁လမ်း၊ အမှတ် ၃၂၈မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (၂-လွှာ) ရှိ (၁၇ပေ X၅၁ပေ) အကျယ်ရှိ တိုက်ခန်းအား ယခုရောင်းချသူ ဒေါ်စုမြတ်သွယ် ၁၂/သကတ(နိုင်)၁၉၅၃၇၂ မှ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးသော်ဇင် LL.B(၁၆၇၁၃) | ဦးငြိမ်းချမ်းထွေး LL.B(၁၆၇၄၆) |
| ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၂၆၀၀၂၉၂၇၂ |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

တိုက် (၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

## ဦးကြည်စိုး ၅/မရန(နိုင်)၀၂၆၀၈၆၊ ဒေါက်တာငွေဝင်း ၅/ရဘန(နိုင်)၀၁၅၈၄၉ နှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ ပင်စင်လမ်းနေ ဒေါ်တင်တင်ငွေး (ဘ) ဦးတင် ၅/မရန(နိုင်)၀၄၀၅၅၄ မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ ကျောက္ကာလမ်းနေ ဦးကြည်စိုး(ဘ)ဦးတောမောင် ၅/မရန(နိုင်)၀၂၆၀၈၆၊ သလ္လာအမှတ်(၁)ရပ်ကွက်၊ ဗန္ဓုလလမ်းနေ ဒေါက်တာငွေဝင်း(ဘ) ဦးသန်းမောင် ၅/ရဘန(နိုင်)၀၁၅၈၄၉ တို့နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ပိတောက်လမ်းရှိ ကွင်း/အကွက်အမှတ်နှင့် အမည်-၃/၃၆(နန္ဒဝန်)၊ ဦးပိုင်အမှတ်-ပိတောက်လမ်း-၇၃၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဝင်းမြေမှာ မြို့မြေနေရာချထားရေးကော်မတီမှ ဒေါ်တင်တင်ငွေးအား ချပေးထားသည့် ဝင်းမြေဖြစ်ပါသည်။ အဆိုပါ ဝင်းမြေအား ဒေါ်တင်တင်ငွေးမှ ယနေ့အချိန်ထိ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိနေသော ဝင်းမြေဖြစ်ပါသည်။ ဝင်းမြေ၏ ဂရန်မူရင်းမှာ ပျောက်ဆုံးနေသည်ကို အခွင့်ကောင်းယူ၍ ဦးကြည်စိုးမှ အဆိုပါဝင်းမြေနှင့်ပတ်သက်ပြီး တခြားလူပုဂ္ဂိုလ်များထံ လွှဲပြောင်းရောင်းချ နေသည်ဟု ကြားသိရပါသည်။ ဒေါ်တင်တင်ငွေးမှ ဦးကြည်စိုးအား အဆိုပါ ဝင်းမြေနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း တစ်စုံတစ်ရာမရှိပါ။ ထို့ကြောင့် ဦးကြည်စိုးနှင့် အရောင်းအဝယ်ပြုလုပ်ထားသော မည်သူမဆို ဝင်းမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာ ရရှိမည်မဟုတ်ပါ။ ဦးကြည်စိုးထံမှ ဝယ်ယူထားသည်ဆိုသော ဒေါက်တာငွေဝင်းဆိုသူမှာလည်း ဝင်းမြေနှင့် ပတ်သက်သက်ဆိုင်ခြင်းမရှိပါ။ ဒေါက်တာငွေဝင်းအား အကြောင်းပြု၍ ဒေါ်တင်တင်ငွေး ပိုင်ဆိုင်သည့် ပိတောက်လမ်း၊ စက်မှုဇုန်ရပ်ရှိ ဝင်းမြေပေါ်သို့ ဝင်ရောက်နေထိုင်သူများသည် ဒေါ်တင်တင်ငွေးပိုင်ဆိုင်မှုအား ဆန့်ကျင်၍ ကျူးကျော်နေထိုင်သူများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်တင်တင်ငွေးပိုင်ဆိုင်သည့် ဝင်းမြေထဲ၌ ဝင်ရောက်ကျူးကျော်နေထိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အပြီးဖယ်ရှားထွက်ခွာပေးပါရန် အကြောင်းကြားအပ်ပါသည်။ ထိုသို့ အကြောင်းကြားသော်လည်း ဖယ်ရှားထွက်ခွာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးကြည်စိုး၊ ဒေါက်တာငွေဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်တင်ငွေး** | **ဦးထွန်းမြတ်** |
| **၅/မရန(နိုင်) ၀၄၀၅၅၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၇၃/၁၂)** |
| | **အမှတ်(၅၃)၊ ကျောက္ကာလမ်း၊ ရန်ကင်းရပ်၊** |
| | **မုံရွာမြို့** |
| | **ဖုန်း-၀၉-၄၃၀၆၉၄၀၆** |

## အမည်မှန်

ဦးနော်ဆန့် ၁/မကန(နိုင်)၁၄၃၉၈၉ ၏သား မိုးကောင်းမြို့၊ ပညာဆီမီး ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade-11 (အတွဲ-၃) မှ မောင်အက်စပန်းအောင်၏ အမည်မှန်မှာ မောင် S ပန်းအောင် ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဝင်းရွှေ ၅/ယမပ(နိုင်)၀၁၃၁၄၉ ၏သား ယင်းမာပင်မြို့နယ်၊ စုန်းချောင်းရွာနေ မောင်နိုင်ဝင်းထွန်း ၅/ယမပ(နိုင်)၁၂၁၃၆၄ အား မောင်ရွှေမိုးဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လားပက်ညင်ပါ ၅/ကလထ(နိုင်)၂၃၇၆၄၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၂၄၅၀၅၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုလှမိုး ၅/ပလန(နိုင်) ၁၁၄၄၉၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၇၈၃၄၃၀၄

THE GLOBAL NEW LIGHT OF MYANMAR
SUNDAY SUPPLEMENT
English Digest
For Grade-10 and Grade-11

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အင်္ဂလိပ်စာ ပြဋ္ဌာန်းချက်စာအုပ်သစ်များ သင်ယူလေ့လာနေကြသည့် G-10 နှင့် G-11 ကျောင်းသား ကျောင်းသူများအား အထောက်အကူဖြစ်စေရန် အထူးရည်ရွယ်၍ စနစ်သစ် သင်ရိုးညွှန်းတမ်း မေးခွန်းပုံစံနှင့်အညီ ရေးသားပြုစုထားသည့် Reinforcement Exercises (အားဖြည့်လေ့ကျင့်ခန်းများ)ကို Sunday Supplement အချပ်ပိုစာစောင်အဖြစ် The Global New Light of Myanmar သတင်းစာတွင် ဩဂုတ်လ ပထမအပတ်မှ စတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ထည့်သွင်း ဖော်ပြသွားမည်ဖြစ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုခြင်း၊သတင်းစာများအား—လက်လီ/လက်ကားမှာယူလိုပါက — အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်းနံပါတ် – ၀၁ ၈၆၀၄၅၃၂၊ ၀၉ ၉၈၃၉၂၄၉၉၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## မိဘအမည်မှန်

ရေနံချောင်းမြို့၊ မကြီးတိုင်းကျေးရွာ၊ အလကGrade-7 မှ မောင်သူရကျော်ဇောနှင့် Grade-3 မှ မောင်ဘုန်းမြင့်ကျော်တို့၏ မိဘအမည်မှန်မှာ ဦးမြင့်နိုင်- ဒေါ်အမာတင် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက(၃)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းဇင်ဇင်အေး၏ အမည်မှန်မှာ နန်းဇင်ဇင်အေးနှင့် နန်းဇင်အေးတို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

မြောက်ဦးမြို့၊ ဗန္ဓုလရပ်ကွက်နေ မြတ်ရွှေစင်(တက္ကသိုလ်ဝင်တန်းအောင်) ၁၁/မဥန(နိုင်)၁၇၉၆၁၉ ၏ အမည်မှန်မှာ မြတ်ရွှေတင်ဖြစ်ပြီး သူမ၏ ဖခင် ဦးကျော်သူ၏ အမည်မှန်မှာ ဦးစိန်ဝင်းကျိုင် ၁၁/မဥန(နိုင်)၀၇၈၄၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ္မတူမြို့၊ အထက(၂) ပဉ္စမတန်း Grade-5မှ မောင်စိုင်းကံကောင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းလျှန် ၁၃/နမတ (နိုင်) ၀၅၂၆၇၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ ဦးကြည်ညွန့် ၁၂/သကတ(နိုင်)၀၆၀၁၈၇(ဘ)ဦးကြည် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၃၃၃၈၀ အမည်ပေါက်(ကွယ်လွန်)၏တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်ပြုံးကြည် ၁၂/သကတ(နိုင်)၀၈၀၅၇၃(ဘ)ဦးမြဟံမှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်း ချလန်မိတ္တူ၊ ဦးကြည်ညွန့် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဆင်းသိင်္ဂီလမ်း၊ မြေကွက်အမှတ် ၅၆၆၊ ဧရိယာ ပေ(၃၅x ၆၀)ရှိ ဂရန်မြေတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း ဧရိယာပေ (၂၅x၆၀)ရှိ မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင့် ၁၂/ကမတ(နိုင်)၀၄၃၇၆၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇေယျာထွန်း ၁၂/ဒဂန(နိုင်)၀၂၂၁၇၇ က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၁၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ(၀ဒသမ၂၉၄)ကေရှိ မြေကွက်အား ဒေါ်ခေါန်ဆန်း၊ ဒေါ်ရွယ်ဆန်း၊ ဒေါ်ရီနားတို့(၃)ဦးအမည်ဖြင့် (၁၇-၈-၂၀၅၀)ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ခေါန်ဆန်း၊ ဒေါ်ရွယ်ဆန်း၊ ဒေါ်ရီနားတို့(၃)ဦးထံမှ ဦးပိုင်(၉/ဃ)၊ မြေဧရိယာ(၀ဒသမ၀၄၉)ကေ အပိုင်းကို ဒေါ်ချီဆာရဲ့က (၈-၆-၂၀၂၁)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၉၉/၂၀၂၁)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ချီဆာရဲ့အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၂

| | | |
|---|---|---|
| မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လပွတ္တာမြို့ (၎င်း၏ ကိုယ်စား ဦးဇော်မင်းထွန်း) | နှင့် | ၁။ ဦးသိန်းတန် ၂။ ဦးအောင်ဖြိုးဝေ ၃။ နန့်စိန်ချော ၄။ ဦးမင်းအောင်အောင် ၅။ ဒေါ်သန်းဝင်း ၆။ ဦးလှမျိုးဇော် ၇။ ဒေါ်ယုမေ |
| တရားလို | | တရားပြိုင်များ |

လပွတ္တာမြို့၊ ခနိဆိပ်ကျေးရွာအုပ်စု၊ ဒေါင့်ချောင်းရွာနေ ဦးသိန်းဟန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လပွတ္တာမြို့နယ်၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီထံမှ ထုတ်ယူထားသော မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်မတည်ငွေကျပ် ၃၃၅၀၀၀၀၀/- အနက်မှ ကျန်ငွေ ၃၃၃၅၀၀၀၀/- တိတိကို ပြန်လည်ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း

